
စိတ်ကူးချိုချိုအနုပညာ


# ယော်တာဆွေ

## သူ့သွေးနှင့်သူ့ဓား



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



# ဃော်တာဆွေ

သူ့ခွေးနှင့်သူ့များ

ISBN9789997114075

TT521

9 789997 114075

3,000.00KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးပန်းချီ - သန့်ဇော်သစ်
၂၀၁၅၊ ဇွန်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၇၂ စံပယ်ဦးစာအုပ်တိုက်၏ ပထမအကြိမ်ထုတ်မှု၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၀၀၀ ကျပ်

သူသွေးနှင့်သူတား
သော်တာဆွေ - ရေနံကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅၊
စာမျက်နှာ ၂၆၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) သူသွေးနှင့်သူတား

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သူသွေးနှင့်သူ့ဓား

# သေဘ်တာဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဤဝတ္ထု၏ ပဋိသန္ဓေ

## သော်တာဆွေ

**၁၉၃၉ ခုနှစ်က တည်ခဲ့တာ ယခု ၁၉၇၂ မှ ရေးရတော့ ၃၃ နှစ်များတောင်ကြာခဲ့ပေပြီ**

ကျွန်တော်သည် ၁၄-၅ နှစ်သားအရွယ် ဝတ္ထုတွေ စဖတ်မိကတည်းက ဝတ္ထုရေးချင်စိတ်ပေါ်ပါသည်။ ဝတ္ထုတစ်ပုဒ်ဖတ်ပြီး၍ ကိုယ့်စိတ်ကြိုက်ဖြစ်ပြီဆိုလျှင် ၎င်းဝတ္ထုနှင့်ဆင်တူယိုးမှားဝတ္ထုတစ်ပုဒ်ကို စိတ်ကူးလေ့ရှိပါသည်။ အောင်အောင်မြင်မြင်ဇာတ်ကွက်ရိုက်မိသည်လည်းရှိ၏။ တစ်ပိုင်းတစ်စနှင့် ကိစ္စပြတ်သွားသည်လည်းရှိ၏။ ရေးတော့ မရေးဖြစ်ခဲ့သေးပေ။ ကိုယ်ဖတ်ရသော ဝတ္ထုအမျိုးမျိုးအလိုက်. အမျိုးမျိုးစိတ်ကူးနေရခြင်းပင် အရသာတွေ့နေပါသည်။

စုန်းတစ္ဆေ၊ သိုက်သမိုင်း မှော်ဆရာဝတ္ထုမျိုးတွေလည်း ဖတ်ပြီးဒါမျိုးရေးဖို့ စိတ်ကူးကြည့်တာပဲ။

အချစ်အလွမ်းဆိုတာကတော့ မပြောနဲ့တော့ပေါ့၊ လူပျိုပေါက်ကပဲ၊ ဟာသလည်းကြိုက်သဗျ။

mgyoe.com

mgyoe.com

အဲ....နောက်ဆုံးတော့ ကျွန်တော်အရေးချင်ဆုံးက ဆရာကြီးရွှေဥဒေါင်း အားကျပြီး စုံထောက်နဲ့ စွန့်စားခန်းဝတ္ထုများဖြစ်နေပါရော၊ စုံထောက်မောင် စံရှားနှင့် ဂျမဒါကိုကိုကြီးဝတ္ထုတွေဟာဆာအာသာ ကိုနင်ဒွိုင်းရဲ့ ဝတ္ထုတွေ မှီရေးတယ်ဆိုတာလည်း ကျွန်တော်မသိဘူး။ ကျွန်တော်ကလည်း အင်္ဂလိပ် စာမတတ်သေးဘူး။ စာရေးဆရာဆိုတာ ကိုယ့်ဦးနှောက်နဲ့ကိုယ် ရေးတာပဲ အောက်မေ့ခဲ့တယ်။ ငါရေးနိုင်ပါတယ်"

ဒါကြောင့် ၁၉၄၁ ခုနှစ် သူရိယမဂ္ဂဇင်းက စုံထောက်ဝတ္ထုတိုပြိုင်ပွဲ ခေါ်လိုက်တော့ ကျွန်တော်က 'စုံထောက်မောင်တောက်ထွန်း' ဆိုတဲ့ ဇာတ် ကောင်ကိုဖန်တီးလိုက်တယ်။

သို့သော် ဤဝတ္ထုရေးပို့ပေးလိုက်ပြီးသည့်နောက် ဒုတိယကမ္ဘာစစ်ကြီး စစ်ငွေ့စစ်ရိပ်ကသန်းလာပြီမို့ ပြိုင်ပွဲမလုပ်ဖြစ်တော့ဘူးဆိုပြီး သူရိယ မဂ္ဂဇင်းအယ်ဒီတာက ကျွန်တော့်ဝတ္ထုကို ပြန်ပို့လိုက်တယ်။

ကျွန်တော်ဟာ သည်ဝတ္ထုလေး ရင်ဝယ်ပိုက်ပြီး ခဏခဏ ပြန်ရေး လိုက်တာ နောက်ဆုံးမှာ 'ရန်အောင်ရတနာ' ဆိုတဲ့ လုံးချင်းဝတ္ထုဖြစ်ပြီး ၁၉၄၈ ခုနှစ်က ရှမဝက ထုတ်လိုက်ပါတယ်။

သို့သော် ဒီအချိန်မှာ ကျွန်တော်သော်တာဆွေက ဟာသဝတ္ထုတွေနဲ့ နာမည်ကြီးနေပြီမို့ 'ရန်အောင်ရတနာ....' ကို ရယ်ရမလားလို့ ဝယ်ဖတ်ပါ တယ်။ ရယ်လည်းမရယ်ရဘူးဆိုတဲ့ အသံတွေကြားရတော့ စုံထောက် ဆရာသေချင် စော်နံသွားတာဘဲ။ သော်တာဆွေကို ဟာသဆရာအနေနဲ့ သာ ချီးမွမ်းသြဘာတွေလာကြပြီး စုံထောက်ဆရာအနေနဲ့ကတော့ စာဖတ် သူတွေစိတ်ထဲ ဖုတ်လေတဲ့ ငါးပိရှိတယ်လို့တောင် အောက်မေ့ကြဟန် မတူဘူးခင်ဗျ။ ဒါနဲ့....ထုတ်ဝေသူကလည်း ကျွန်တော့်ဆီက စုံထောက်ဝတ္ထု မတောင်း၊ ဟာသပဲကြဲနေလိုက်ရတာ ယခု နောက်ဆုံးမှာတော့ ဟာသကနေ ဘဝသရုပ်ဖော်ဘက်ကူးပြီး စာပေဆုတွေတောင် သုံးခါရပြီး လူကြီးပိုင်း ကပင် ချီးမွမ်းခြင်းကို ခံရပါပြီ။

သို့တိုင် ကျွန်တော့်စိတ်ထဲမှာ ငယ်မူပြန်ပြီး လူငယ်ကြိုက် စုံထောက် ဝတ္ထုကရေးချင်တုန်းပဲ၊ ဒါကြောင့် ဒီဝတ္ထုကိုယခုရေးလိုက်ပါပြီ။

ဤဝတ္ထုဟာ ကျွန်တော့်ခေါင်းထဲ ဘယ်တုန်းကစပြီး ပဋိသန္ဓေတည်

mgyoe.com

mgyoe.com


ခဲ့သလဲသိလား၊ ၁၉၃၉ ခုနှစ် ဆရာကြီးရွှေဥဒေါင်းရဲ့ 'ဂျမဒါကိုကိုကြီး' လုံးချင်းဝတ္ထုဖတ်ပြီးကတည်းက ဆင်တူရိုးမှား စိတ်ထဲကူးခဲ့တာ ရန်အောင် ရတနာပြီးရင် ဆက်ရေးဖို့။ သို့သော် ထုတ်ဝေသူကလည်း မလိုလား၊ ပရိသတ်ကလည်း ကျုပ်ကို စုံထောက်ဆရာရယ် အသိအမှတ်မပြုလို။

ဟော...ယခုတော့ သော်တာဆွေရေးတာ ဘာဝတ္ထုမျိုးမဆို ယူပါမယ် ဆိုသော ထုတ်ဝေသူနှင့်တွေ့ပါသဖြင့် ဤ 'သူ့သွေးနှင့်သူ့ဓား' အမည်ဖြင့် ထွက်ခဲ့ပါပြီ။

**စုံထောက်၊ စွန့်စားခန်း၊ အချစ်နှင့်အလွမ်း၊ ဟာသ၊ ကဗျာ** ရသမျိုးစုံအောင် ကြိုးစားတာပါပဲ။

ကျွန်တော့်ရည်ရွယ်ချက် ပြည့်မပြည့် စာရှုသူများ ဖတ်၍သာ ကြည့်ကြပါတော့ခင်ဗျာ။

သော်တာဆွေ

၁၂-၉-၇၂

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သူ့သွေးနှင့် သူ့ဓား

## ဇာတ်လမ်းအခြေခံ

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ဂျပန်လက်နက်ချ၍ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားလေသည်။ မြန်မာပြည်မှ ဂျပန်များလည်း အလျှိုအလျှိုထွက်ခွာသွားလေပြီ။ နောက်ဆုံး၌ ဂျပန်နှင့် မြန်မာကိစ္စပြီးပြတ်၍ မြန်မာပြည်ကို အင်္ဂလိပ်တို့ ပြန်လည်အုပ်ချုပ်သည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော နိုင်ငံရေးသမားတစ်စုသည် မြန်မာပြည် လွတ်လပ်ရေးရရန် နည်းအမျိုးမျိုးနှင့် ကြိုးပမ်းကြသည်။

အင်္ဂလိပ်အစိုးရသည် ဤစစ်ကြီးဖြစ်ခါစ မြန်မာပြည်က ထွက်ခွာရခါနီး၌ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော နိုင်ငံရေးသမားအချို့အား အင်္ဂလိပ်အစိုးရကို တော်လှန်သူများဟူ၍ ဆုတော်ငွေနှင့် ဖမ်းဝရမ်းများ ထုတ်ထားခဲ့သော်လည်း စစ်ကြီးပြီးသောအခါ ဗမာက ဂျပန်ကို တော်လှန်တိုက်ခိုက်၍ မဟာမိတ်တို့အား အကူအညီပေးသော ကျေးဇူးကြောင့် ယခင်နိုင်ငံရေးတွေကို လုံးဝသင်ပုန်းချေပစ်လိုက်သည်။

mgyoe.com

mgyoe.com


သို့ရာတွင် အင်္ဂလိပ်အစိုးရအနေနှင့် ခွင့်မလွှတ်နိုင်၊ ခွင့်မလွှတ်သင့်သည်ကား ဂျပန်လက်ထက်ခေတ်ဆိုးခေတ်ပျက်တွင် နိုင်ငံရေးအားဖြင့်မဟုတ်ဘဲ လောဘ၊ ဒေါသအားဖြင့် ဆိုးသွမ်းတိုက်ခိုက်နေကြသော တောပုန်းဓားပြများဖြစ်ကြကုန်၏။

ဂျပန်အုပ်စိုးသော်လည်း ဤရာဇဝတ်မှုခင်းများကို ယခင်အင်္ဂလိပ်လက်ထက်က မြန်မာအမှုထမ်းများပင် ကိုင်ရကား၊ ဂျပန်ခေတ်မှုခင်းရယ်ဟူ၍ သီးသန့်ပလပ်ပစ်၍ မဖြစ်နိုင်တော့ဘဲ အထူးအခွင့်ရေးလေးတစ်ခုသာ ပေးနိုင်သည်ကား။ (ဆိုးခိုးတိုက်ခိုက်၍ ရာဇဝတ်မှုနှင့် ရှောင်နေကြသောသူတို့တွင် လူသတ်မှုနှင့် မုဒိမ်းမှု ကျူးလွန်သူတို့ကိုသာ ထိုက်သင့်သလို အရေးယူမည်။ အခြားလုယက်တိုက်ခိုက်မှုကို ပလပ်မည်)ဟု ကြေညာလေရာ များစွာသောသူခိုးဓားပြတို့ လူကောင်းဘဝသို့ ပြန်လည်ရောက်ရှိကုန်ကြပြီး အမှုတွဲဖိုင်မှာ လူသတ်မှု၊ မုဒိမ်းမှု ကျူးလွန်သူတို့ကားများစွာ အခက်အခဲ တွေ့နေကြကုန်၏။ အစိုးရအနေအားဖြင့်လည်း ယင်းအမှုမျိုးကို သက်ညှာဖို့လောက်သာ စဉ်းစားနိုင်၍ လုံးဝလွှတ်ဖို့ကား ရာဇကြောင်း၊ ဓမ္မကြောင်းကို သွေဖည်ရန် မဖြစ်နိုင်ပေ။

၁၉၄၃ ခုနှစ် ဂျပန်ခေတ်၊ ဒုတိယနှစ်တွင် ရွှေဘိုနယ်ထနောင်းကုန်းရွာသား၊ မဟုတ်မမှန်လျှင် ဆတ်ဆတ်ထိမခံတတ်သော ကိုအောင်ကျော့သည် ချောမောလှပသော ၁၆ နှစ်ရွယ်ရှိ မိမိ၏သမီးလေး မြတ်စုအား ဂျပန်စစ်ဗိုလ်တစ်ယောက်က အတင်းသိမ်းပိုက်မည်ပြုသည်၌ ကိုအောင်ကျော့သည် ယင်းဂျပန်စစ်ဗိုလ်ကို သုတ်သင်ပြီး တစ်ဦးတည်းသော သမီးလေးနှင့် ဇနီးအားတစ်ပါတည်း ခေါ်ကာ ဂျပန့်ဘေးမှ လွတ်အောင် ပြေးခဲ့လေသည်။ ထိုအခါ မိမိတို့ဝမ်းရေးကလည်းရှိသည်နှင့် ရာဇဝတ်မှုဖြင့် အသက်မွေးသူတို့နှင့် ပေါင်းသင်းမိကာ ကိုအောင်ကျော့၏စွမ်းရည်အလျောက် ဓားပြဂိုဏ်းခေါင်းဆောင်ဖြစ်ပြီး ဗိုလ်သံလက်သီးဟု နာမည်ကြီးလေ၏။

ဤနာမည်မှာ အချို့ဗိုလ်များကဲ့သို့ မိမိကိုယ်မိမိ စိတ်ကူးယဉ်ဖြင့် မှည့်ယူသည်မဟုတ်။ ဥသျှစ်သီးမျှကြီးသည့်သူ့လက်သီးသည် သံလက်သီးကဲ့သို့မာကြော ပြင်းထန်လှသောကြောင့် သူ့အဖွဲ့ဝင်တပည့်များက စတင်ခေါ်ကြရာမှ သူ့တွင် မူလနာမည်ကို ဖျောက်ရမည်နှင့် အဆင်သင့်။

mgyoe.com

mgyoe.com

ဗိုလ်သံလက်သီးသည် နွားထီးတစ်ကောင်ကို နံဘေးတစ်ချက်တည်း ထိုးသည်နှင့် ဗိုင်းခနဲ လဲစေနိုင်သည်။ ထို့ပြင် ကာယသိဒ္ဓိပြီးသည်ဟူ၍လည်း သတင်းထွက်သည်။

နောက်ဆုံးအခြေမှာ သူ့အဖွဲ့ဝင် ၅၀ ကျော်ရှိသည်။ ၎င်းတို့မှာ အနယ်နယ်က တကယ့်လူဆိုးလူမိုက်များနှင့် အင်္ဂလိပ်အပြေးတွင် စစ်တပ်မှ ကျန်ခဲ့သော စစ်သားဟောင်းများလည်း ပါဝင်၍ အတိုက်အခိုက်ကျွမ်းကျင်ကြသည်။ လက်နက်ခဲယမ်းမီးကျောက်များလည်း အပြည့်အစုံရှိသည်။ ထို့ကြောင့် တော်ရုံတန်ရုံပုလိပ်အဖွဲ့သည် သူတို့ရှိသည့်နေရာကို သိပါလျက် မချဉ်းကပ်ဝံ့။ ဂျပန့်ခေတ်က ဂျပန်တပ်စိပ်တစ်ခု တောနင်းလိုက်သည်ကိုပင် ဗိုလ်သံလက်သီးအဖွဲ့က ပြောက်ကျားနည်းဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်ဟူသော ကျော်ဇောကိတ္တိရှိခဲ့လေသည်။

၎င်းပြင် အခြားစိတ်ဝင်စားဖွယ်ကောင်းသော သတင်းတစ်ခုမှာ ဗိုလ်သံလက်သီးအဖွဲ့သည် တိုက်ခိုက်လုယက်၍ရသောပစ္စည်းများကို အလဟဿ သုံးဖြုန်းမပစ်ကြစေဘဲ ဗိုလ်သံလက်သီးကတော် ဒေါ်လှက ပစ္စည်းထိန်းအနေဖြင့် စာရင်းအင်းနှင့် ထိန်းသိမ်းထားသည်။ ဂျပန်အပြေးတွင် စိန်ရွှေရတနာ မြောက်မြားစွာသော ဂျပန်စစ်ဗိုလ်တစ်ယောက်၏ ရတနာသိုက်ကိုလည်း ရလိုက်၍ အထုပ်အထည်မပျက်ပင် ရှိနေသေးသည်။ ရည်ရွယ်ချက်မှာ မိမိတို့သည် ဤသို့တောပုန်းဘဝနှင့် တစ်သက်လုံး နေသွားကြမည်မဟုတ်။ မိဇ္ဈာဂျပန်ပြုတ်၍ နောက်အစိုးရတက်သောအခါ၌ မိမိတို့သည် ဂျပန်ကိုသာ ဆန့်ကျင်တိုက်ခိုက်သူတွေပါဟု သက်ဆိုင်ရာဌာနတွင် လက်နက်ချ အလင်းဝင်ကြသည်။ ရရှိထားသော ပစ္စည်းများကိုတော့ အချိုးကျခွဲဝေယူပြီး လူကောင်းဘဝနှင့်နေထိုင်ကြတော့မည်။

ဤရည်ရွယ်ချက်သည် သူတို့က လူမသတ်ခဲ့ဘူး၊ မုဒိမ်းတန္တမကျူးလွန်ခဲ့ဘူးဆိုပါက ဂျပန်ပြေးပြီး နောက်တက်သော အင်္ဂလိပ်အစိုးရကြေညာချက်နှင့်ကိုက်ညီ၍ ဘာမျှ ပြဿနာတက်စရာမရှိတော့။ သို့သော် လူဆိုးဓားပြအဖြစ်နှင့် တိုက်ရခိုက်ရသည်မှာ လူသတ်မှုနှင့် အဘယ်လျှင်ကင်းနိုင်ရှင်းနိုင်အံ့နည်း၊ သားမယားမရှိသော တောပုန်းတို့မှာလည်း အဘယ်လျှင် ဗလက္ကာရမှုမပြုဘဲ နေနိုင်အံ့နည်း။ ဌာနမှတ်တမ်းများမှာရှိနေပြီ။ ယင်းတို့ကား သူတို့

mgyoe.com

mgyoe.com

အား လူကောင်းဘဝ ပြန်ရောက်ရန် တားမြစ်နေတော့သည်။

ဗိုလ်သံလက်သီးကိုယ်တိုင်ကား သားမယားလည်းရှိသည်၊ လူကြီးလည်းဖြစ်သည်မို့ မုဒိမ်းမှု ကင်းခဲ့ပါ၏။ ဦးစီးခေါင်းဆောင်မို့ တပည့်များသာ ကိုယ်ထိလက်ရောက် လုပ်ကိုင်ကြသဖြင့် သူသည် ရှေးဦးဆုံး ဂျပန်စစ်ဗိုလ်ကို သတ်ခဲ့သည်မှတစ်ပါး နောက်ထပ်မကျူးလွန်ခဲ့ပါ။ မိမိတစ်ဦးတည်းအတွက် ကြည့်မူ အင်္ဂလိပ်အစိုးရကြေညာသောပြစ်မှုများမှ ကင်းလွတ်နိုင်ပါသည်။

သို့သော် ခေါင်းဆောင်ကောင်းတစ်ယောက်သည် မိမိကိုယ်ကျိုးသက်သက်ကြည့်ပြီး တပည့်များကို ပစ်ခွာရမည်လော၊ သစ္စာဖောက်ရမည်လော။

သို့ဖြင့် ဗိုလ်သံလက်သီးသည် တောပုန်းဘဝဇာတ်လမ်းမျောခဲ့ရာ၊ ဂျပန်လက်နက်ချပြီး စစ်ကိစ္စအဝဝတွေပြီးစီး၍ အစိုးရက ပြည်တွင်း ဆူပူသောင်းကျန်းမှုတွေကို ဖိလိုက်လာသည်နှင့် ဗိုလ်သံလက်သီးတို့အဖွဲ့သည် ရွှေဘိုနယ်မှထွက်ခွာခဲ့ရကာ အထက်ဗမာပြည်သို့ မြစ်ရိုးကိုဆန်တက်ခဲ့ခြင်းဖြင့် တဖြည်းဖြည်း သပိတ်ကျင်း၊ မလည်၊ ကြာညှပ်အရပ်တို့ကို ကျော်လွန်ခဲ့ပြီး ဤဝတ္ထုအစပြုမည့်အချိန်မှာ တကောင်းအထက်က မြစ်ကျဉ်းဒေသတစ်ဝိုက်မှာ ကျက်စားလျက်ရှိလေသည်။

ဤအရပ်မှာ တောလည်းကောင်း၊ မြစ်လည်းကျဉ်းသဖြင့် မြစ်ရိုးမှလာသော ကုန်သည် လှေသမ္ဗန်၊ မော်တော်တွေကို သေနတ်ဖြင့်ပစ်ဖောက်၍ ကမ်းသို့ ကပ်ရန် ခေါ်နိုင်၏။ အစိုးရစစ်တပ်လာလျှင်လည်း မြစ်ကြောင်းမျှသာဖြစ်ခြင်းကြောင့် မြစ်ကမ်းနှင့် လေးငါးခြောက်မိုင်ကွာတွင်ရှိနေသော သူတို့ တောပုန်းအဖွဲ့သည် ခုခံတိုက်ခိုက်ရန် အားချင်းမတန်လျှင် သူတို့က လေးငါးမိုင်အကွာမှ ရှေ့ကပြေးနိုင်၏။ ပြောက်ကျားနည်းနှင့် ပြန်တိုက်နိုင်၏။

'မြန်မာအစ တကောင်းက'ဆိုသော စကားနှင့် မည်သို့မျှမဆိုင်သော်လည်း ဤဝတ္ထုသည် တကောင်းမှစမည်ဖြစ်၍ ထိုအချိန်ကတကောင်းရဲ့ အခြေအနေပုံသဏ္ဌာန်ကို ဖော်ပြပါရစေ။

တကောင်းသည် ရှေးနှစ်ပေါင်းများစွာက မင်းနေ မြို့တော်ဖြစ်ခဲ့သော်လည်း ထိုအချိန်၌ကား ရှေးဆန်သော ဘုန်းတော်ကြီးကျောင်းတစ်ခုမှ

mgyoe.com

mgyoe.com

တစ်ပါး၊ အဆောက်အဦ ကြီးကြီးမားမား မရှိတော့ပါချေ။ ဝါးသက်ငယ် အိမ်ငယ်တွေသာများလျက် မြို့ဟူသောအမည်နာမနှင့်မတန်ဘဲ ရွာကြီး တစ်ခုဟုသာ ဆိုနိုင်ပါချိမ့်မည်။ အထူးသဖြင့်ကား ပေပင်တွေပေါလှ၍ ပေရည်တက်မည်၊ ပေထန်းလျက် ချက်မည်၊ တံငါလုပ်ငန်းကောင်း၍ ငါးငပိ ကောင်းကောင်းထွက်သည်၊ လယ်ယာကား ပြောပလောက်အောင်ကောင်း ဟန်မတူပေ။

မြစ်ဆိပ်ကမ်းမှာလည်း သင်္ဘောကြီးများ မကပ်နိုင်ဘဲ လှေသမ္ဗန်၊ မော်တော်မျှ ဆိုက်ကပ်နိုင်သည်။ ထို့ကြောင့်ကမ်းနားနှင့် မလှမ်းမကမ်းမှာ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်ငယ်များရှိလေသည်။

ဤ၀တ္ထုအစပြုမည့်အချိန်မှာကား ဗိုလ်သံလက်သီး၏အတွက်ကြောင့် တကောင်းမြစ်ဆိပ်မှာ လှေသမ္ဗန်၊ မော်တော်တွေ တော်တော်များများ စုပြုံ ဆိုက်ကပ်နေသည်။ နောက်ရောက်သူများက ကမ်းပေါ်တက်လိုလျှင် တစ် စင်းမှတစ်စင်းသို့ ဖြတ်ကျော်ကူးသန်းသွားရသည်။

အကြောင်းမှာ ယင်းလှေသမ္ဗန်မော်တော်တို့သည် အောက်အရပ်မှ အညာသို့ဆန်တက်ခဲ့သော ကုန်သည်များဖြစ်၍ ထိုအချိန်တွင် ဗိုလ်သံလက် သီးအဖွဲ့သည် မြစ်ကျဉ်း ကမ်းနားသို့ ရောက်နေကာ မြစ်ကြောင်းမှ လာကြ သော လှေသမ္ဗန်၊ မော်တော်တွေကို သေနတ်နှင့် ခြိမ်းခြောက်ခေါ်ယူ၍ ရိက္ခာစုနေသည်ဖြစ်သောကြောင့် တကောင်းဆိပ်မှ လှေသမ္ဗန်၊ မော်တော်တွေ မထွက်ဝံ့ကြပေ။ အစိုးရ၏ 'ကွန်ဘိုင်းဘုတ်'ခေါ် လက်နက်ကိုင်များပါသည့် အစိုးရသင်္ဘောများလာမှသာ သူတို့နှင့်ကပ်ပြီး လိုက်သွားဝံ့ကြပေမည်။ ယင်းအစိုးရသင်္ဘောများလည်း ဘယ်နေ့လာမည်ဟု အပ်ကျ မပ်ကျ သိရ မည်မဟုတ်သောကြောင့် အစိုးရသင်္ဘောတို့၏ မီးခိုးခေါင်းတိုင်များကို မျှော်ကြရင်းဖြင့် တကောင်းဆိပ်ကမ်းမှာ ကုန်သည် လှေသမ္ဗန်၊ မော်တော် တွေ တစ်နေ့ထက်တစ်နေ့သာ စုပြုံများပြားလာခဲ့၍ တကောင်းရွာကြီးမှာ မြို့နှင့်မခြား မစည်စဖူး အစည်ထူးနေလေ၏။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ကဲ ••• ဝတ္ထုစပါပြီ

# အခန်း(၁)

## သေနတ်သံ

၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်။

ထိုနေ့ညက တကောင်းဆိပ်ကမ်းပေါ်မှ မြေပြင်ကို ကြည့်လိုက်ပါမည် ဆိုလျှင် မြောက်များစွာသော လေ့သမ္ဗန်၊ မော်တော်တို့အပေါ်မှ မီးရောင်တို့သည် မြစ်ရေရောင်ပြန်နှင့် တလက်လက်တောက်ပနေ၍ များစွာပင် ကြည်နူးဖွယ် ကောင်းလှပေသည်။ ညဦးပိုင်းက တကောင်းသူ၊ တကောင်းသားတို့သည် ကမ်းနားသို့လေညှင်းခံလာကြရင်း....ဤရှုခင်းကို ကြည်နူးသွားကြသည်။

သို့ရာတွင် ည ၁၀ နာရီကျော်သော အချိန်၌မူ တကောင်းအထွက် တစ်မိုင်၊ နှစ်မိုင်မျှ ကွာသော အရပ်မှ သေနတ်သံတွေတဗျောင်းဗျောင်း တဒိုင်းဒိုင်းမြည်ဟည်းလာရကား၊ တကောင်းအရပ်လူကြီးများကား....

"ဟေ....မြစ်ထဲက မီးတွေအားလုံးငြိမ်းကြ၊ ဗိုလ်သံလက်သီး ရွာတွေစီးနေပြီ" ဟု အော်ဟစ်ကြသည်နှင့်တစ်ပြိုင်နက် မြစ်ပြင်တစ်ခုလုံး မှောင်

mgyoe.com

mgyoe.com

အတိပြီးသွားလျက် လူတွေရဲ့ တီးတိုးသံ....

ခုည....တကောင်းများလာစီးမလား၊

ဒီ ရွာမကျ မြို့မကျတကောင်းက ခုခံဖို့လက်နက်ကိုင် တပ်ဖွဲ့မှရှိပါလေစ။

လာလျှင် ရေကြောင်းကလာမလား၊ ကုန်းကြောင်းကလာမလား၊

ကုန်းကြောင်းကဆိုရင်တော့ တို့ရေထဲကလစ်ရုံပဲ။

အဲ....ရေထဲက သူတို့တပ်ဖွဲ့နဲ့ လာမယ်ဆိုရင်ဖြင့် မလွယ်ဘူးထင်တယ်။

ဟာ.....သူစုန်ကိုယ်စုန်ပြေးရုံပေါ့။

သူတို့ကသေနတ်နဲ့ လှမ်းပစ်မှာဟ။

ဒါဖြင့်လည်း ကုသိုလ်ပေါ့လကွာ....

မြန်မာလူမျိုးတို့၏ 'ကုသိုလ်ပေါ့'နှင့် တခြား ဘာသာတို့၏ 'ဘုရားသခင်အလိုတော်ပဲ'ဆိုသည်တို့မှာ စကားချင်းခြားနားကြသော်လည်း အဓိပ္ပာယ်ချင်းကအတူတူပင်ဖြစ်၍ အားလျှော့ခြင်းဖြစ်သော်လည်း စိတ်ထဲမှာမူ ကိုယ့်ကုသိုလ်ကို အားကိုးခြင်း၊ ကိုယ့်ဘုရားသခင်ကို အားကိုးခြင်းဖြင့် စိတ်သက်သာရာရသွားကြပေသည်။

မှန်ပါ၏။ ထိုညမှာ မြန်မာတွေ ကုသိုလ်ကောင်းကြပါသည်။ ဟိုဘာသာဝင်တွေကို ဘုရားမကြပါသည်။ သန်းခေါင်လောက်မှာ ကြားရသော သေနတ်သံတွေ တိတ်ဆိတ်သွားပြီး တကောင်းမှာ ဘာမျှမဖြစ်တော့ဘဲ နံနက်မိုးသောက်နေရောင်ခြည်တောက်ပ၍ လာပါတော့၏။

ညကတစ်ရပ်ကွက်လုံး အမှောင်ချ၍ ဆိတ်ငြိမ်နေခဲ့သော တကောင်းသည် ယခုအရုဏ်တက်မှ ပြန်လည်၍ အသက်ဝင်ခဲ့ပါပြီ။ လူများလှုပ်ရှားကြပါပြီ၊ ဆိုင်ကန္နားများ ဖွင့်လှစ်ကြပါပြီ....၊ ညက ငါးဖမ်းသွားသော တံငါများလည်းပြန်ရောက်ကြပြီ၊ လှေသမ္ဗန်မော်တော်တို့မှ လူများ ကမ်းပေါ်တက်ကြ၍ လက်ဖက်ရည်ဆိုင်ထိုင်ကြကာ စကားစမြည်ပြောဆိုကြသည်။ မြို့အသီးသီးက တစ်ရပ်တစ်ကျေးမှ ကုန်သည်များဖြစ်ကြသော်လည်း ယခုတကောင်းမှာ ရက်ညောင်းစွာ သောင်တင်နေကြသူချင်းမို့ သိကျွမ်းရင်းနှီးကြကုန်ပြီ။

ယင်းစစ်ပြီးစကာလတွင် အထက်ဗမာပြည် မြစ်ညာဒေသဖြစ်သော

mgyoe.com

mgyoe.com

ကသာမြစ်ကြီးနားခရိုင်တို့မှာ စားနပ်ရိက္ခာရှားပါးသည်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲတို့မှာ အောက်အရပ်ဒေသကလာမှ ရကြသည်။ ထို့ကြောင့် အင်းဝ၊ စစ်ကိုင်း၊ မန္တလေး၊ အမရပူရကကုန်သည်များ မြစ်ညာတက်၍ ကျက်စားကြသည်။ တွက်သားကိုက်ကြသည်။

အဲသည်တစ်ခေါက်တော့ကွဲကြတော့မည်။ ဗိုလ်သံလက်သီးက မြစ်ကျဉ်းကစောင့်လျက်ရှိသည်။ ငါးဖမ်းသွားသော တံငါများကပြောပြသည်။ ငါးအလွန်ပေါသောအရပ်ဖြစ်၍ တံငါများက ဗိုလ်သံလက်သီးအဖွဲ့အား လိုသမျှ ငါးရိက္ခာကို နေ့စဉ်တံငါလှေအလှည့်နှင့် ဆက်သည်။ ဗိုလ်သံလက်သီးတို့ အခုလိုချင်နေတာက ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲ စသော အခြေခံစားကုန်။ ယခုတကောင်းမြစ်ဆိပ်တွင် ဆိုက်ကပ်ထားနေသော လှေသမ္ဗန်၊ မော်တော်တို့မှာ ရှိနေသည်များကလည်း ဤရိက္ခာတွေပဲ။

ထို့ကြောင့်ကုန်သည်တွေ မျက်ဖြူဆိုက်နေကြ၏။ အစိုးရကွန်ဘိုင်းသင်္ဘောများလာ၍ သူတို့အကာကွယ်နှင့် လိုက်သွားကြပြီး ကသာမြို့ရောက်တော့လည်း ကုန်ပစ္စည်းတွေ စုပြုံကျသည်မို့ ဈေးကောင်းလည်းမရနိုင်တော့ပြီ။ သည်အတွင်း ဤတကောင်းမှာ သောင်တင်နေစဉ် နေ့စဉ်လှေသမားတို့အား ထမင်းကျွေးရသည်ကလည်း...အရင်းဝင်လှပြီ။ လှေသမားတို့သည် အင်မတန် အစားကြီးကြသူများဖြစ်၏။ သာမန်လူထက် သုံးဆစား၏။ သူတို့၏ ရေထဲလှေထဲတွင်သာအနေများ၍ သရေစာစားသည့်အကျင့်လည်း မရှိကြ၊ ထမင်းဟင်းဆို တဟင်းဟင်းပဲ။

ထို့ကြောင့် တကောင်းကမ်းနား လက်ဖက်ရည်ဆိုင်များတွင် ညည်းညည်းတွားတွားနှင့် ထိုင်နေကြသော ကုန်သည်တွေမှာ မည်သူမျှ မျက်နှာမသာကြပေ။

## စွန့်ဝံ့သူ

သို့သော် ယနေ့ညနေကမှ မော်တော်တွင်ဘေးတွဲသမ္ဗန်နှစ်စင်းနှင့် ရောက်လာသော ကုန်သည်ပေါက်စလေးဖြစ်ဟန်တူသည့် အသက်အရွယ်ခန့် လူရည်သန့်သန့် သူငယ်တစ်ယောက်ဟာဖြင့် မြစ်ကျဉ်းမှာ ဗိုလ်သံ

mgyoe.com

mgyoe.com

လက်သီး စောင့်နေသည်ကို မသိလေရော့သလား။

သူကား ရွှင်ရွှင်ပျပျပဲ အခုမနက်ကမ်းပေါ်တက် လက်ဖက်ရည်သောက်ပြီး သူတို့မော်တော်ထွက်တော့မလို့တဲ့။

ဘုရား….ဘုရား….ဒီသူငယ်လေးအတင့်ရဲပါဘိ။

သူသည် ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီ အကောင်းစားနှင့် သားနားစွာ ဝတ်ဆင်ထားသည်။ လူပုံလူပန်းကတော့ ထက်ထက်မြက်မြက်ပဲ။

"ဟော့ သူငယ် မင်းတို့မော်တော် တကယ်ပဲခုမနက် အထက်တက်မယ်လား"

"ဟုတ်ကဲ့ခင်ဗျ"

"ဘာကုန်တွေပါလာသလဲ"

"ဧည့်မထဆန်အိတ် ၁၀၀၊ ကုလားပဲခြမ်းအိတ် ၁၀၀"

"မင်းမြစ်ကျဉ်းမှာ ဗိုလ်သံလက်သီး စောင့်နေတယ်ဆိုတာကော မသိဘူးလား"

"သိပါတယ်ခင်ဗျာ"

"ဒါဖြင့် မင်းပဲနဲ့ ဆန်တွေဟာ ဗိုလ်သံလက်သီးရိက္ခာတွေဖြစ်သွားလိမ့်မယ်ဆိုတာကော မစဉ်းစားမိဘူးလား"

"ဒါတော့တစ်ဦးနဲ့တစ်ဦး ကျွေးတုံ့ကျွေးလှည့် ပေးတုံ့ပေးလှည့်ရှိလည်းပေးရ ကျွေးရတာပေါ့ခင်ဗျာ"

"အောင်မယ် တယ်လာတဲ့လူပါလားဟေ့"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်ပေါင်းတည်မြို့က လာခဲ့တာပါ"

"အောင်မာ ပေါင်းတည်သားကိုး၊ နာမည်ကော ဘယ်သူတုန်းကွ"

"မိုးကြိုးပါခင်ဗျား"

"အောင်မာ ပေါင်းတည်သား မိုးကြိုး အရောင်းအဝယ်သွားတာမှာ ဟိုးဟိုးကျော်မှာပါလား။ ဗိုလ်သံလက်သီးရန်က လွတ်ပြီး မင်းကသာကို ခုအချိန်ရောက်သွားမယ်ဆိုရင်ဖြင့် ဆန်ဈေး၊ ပဲဈေး သိပ်ကောင်းပေါ့ကွာ"

"ဒါမျှော်လင့်ပြီးသွားရမှာပဲပေါ့ခင်ဗျာ၊ မြေကြီးနဲ့ ရွှေထီးပဲ"

အခြားလူကြီးတစ်ယောက်က

"မြေကြီးဘက်ကများသမောင်"

mgyoe.com

o m


"ကိစ္စမရှိပါဘူးခင်ဗျာ။ ကဲကျွန်တော့်ခွင့်ပြုကြပါဦး၊ နေလေးမပြင့်မီထွက်တာကောင်းမယ်"

အခြားလူရွယ်တစ်ယောက်–

"အေးကွာ ဗိုလ်သံလက်သီးကိုစောစောသွားပြီး ရိုက္ခာဆက်လိုက်ပါ"

သို့သော် ဤစကားကိုပေါင်းတည်သားမိုးကြိုးသည် စိတ်မဆိုးသည့်ပြင်ပြုံးရွှင်သော မျက်နှာထားနှင့်....

"ခင်ဗျားတို့ ဒီလိုပဲဆုတောင်းသင့်တယ်၊ ဘာကြောင့်လဲဆိုရင် ကျွန်တော့်ဆီက ဆန်အိတ် ၁၀၀၊ ကုလားပဲခြမ်း ၁၀၀ ရပြီဆိုရင် ဗိုလ်သံလက်သီးတို့မှာ တော်တော်ရိက္ခာ ပြည့်သွားပြီမို့ မြစ်ကျဉ်းကပြန်ကြလိမ့်မယ်။ ဒီတော့ခင်ဗျားတို့တွေ ကသာကို အေးအေးဆေးဆေးသွားကြပေရော့" ဆိုပြီး ထိုမိုးကြိုးဆိုသူ လူငယ်သည် ယတိပြတ်ဆုံးဖြတ်ပြီးသော ပုံသဏ္ဍာန်ဖြင့် မြစ်ထဲသို့ဆင်းသွားလေသည်။ သူ့နောက်က မော်တော်သမား နှစ်ယောက်လည်း ဘာမျှစိုးရိမ်သောကရှိပုံမပေါ်ကြ။

ထိုမှ ၁၀ မိနစ်မျှအကြာတွင် တကောင်းဆိပ်ကမ်းမှ အထက်သို့ ထွက်ခွာသွားသော ဘောတွဲသမ္ဗန်နှစ်စင်းနှင့် မော်တော်တစ်စီးကို တကောင်းဆိပ်ကမ်းပေါ်မှ ရာပေါင်းများစွာသော မျက်လုံးတို့သည် တအံ့တသြကြည့်၍ ကျန်ရစ်ခဲ့ကြလေ၏။

❑

mgyoe.com

mgyoe.com

# အခန်း(၂)

## ဂိုထားဝင်ခြင်း

ဒိုင်း....

ဒိုင်း....

အဆိုပါမော်တော်သည် မြစ်ကျဉ်းရောက်သောအခါတွင် ကမ်းနှစ်ဖက်မှ သေနတ်သံကြားရပြီး တစ်ဆက်တည်း.....

"အသက်တွေမသေချင် ကမ်းကပ်ခဲ့ဟေ့"

မိုးကြိုးဆိုသူလူငယ်က မော်တော်ဦးတွင် မတ်တတ်ရပ်လျက်–

"ဘာကိစ္စနဲ့ ဘယ်ဘက်ကမ်းကပ်ရမှာလဲဗျို့"

"ဟောဒီ အရှေ့ဘက်ကမ်းကိုကွ၊ ကိစ္စကတော့ ဒီရောက်မှ ပြောမယ်"

"ကောင်းပါပြီခင်ဗျာ....၊ ခင်ဗျားတို့ကျည်ဆန်တွေ နောက်ထပ်မဖြုန်းပါနဲ့တော့....ဗျို့"

မော်တော်သည် ကမ်းကပ်လာသောအခါ၌ လက်နက်ကိုင်လူနှစ်ဆယ်ခန့် သေနတ်များဖြင့် ဆီးချိန်ထားလျက် အသက် ၃၀ ခန့်ရှိ ကြမ်းတမ်း

mgyoe.com

mgyoe.com
ခက်တရော်သောမျက်နှာနှင့်လူက–

"မော်တော်ကို စက်သတ်ကျောက်ချပြီး အားလုံး လက်မြှောက်အောက် ဆင်း"

မော်တော်ပေါ်၌ ပါလာသောသူများမှာ မောင်မိုးကြိုးအပြင် မော်တော် စက်ဆရာနှင့်ဆလင်၊ လှေတစ်စီးလျှင် လှေသမားနှစ်ယောက်စီနှင့် စုစု ပေါင်း ခုနစ်ယောက်။

သူတို့အားလုံး လက်နက်ကိုင်တို့၏ စကားအတိုင်းဆင်းလာခဲ့ကြသည်။ ကမ်းပေါ်ရောက်သည်နှင့် လက်နက်ပါသလားဟု ဆီး၍ရှာကြရာ မောင် မိုးကြိုးခါးမှာ သားရေစားအိမ်နှင့် စွပ်ထားသောဓားတစ်ချောင်းကိုသာ တွေ့ ရ၍ မျက်နှာခက်တရော်သောလူကယူပြီး ဓားသွားကို ဆွဲထုတ်ကြည့်ရာ အရိုး တစ်မိုက်ခန့်အသွားနှစ်ဖက် ဗျက်လက်သုံးသစ်မျှနှင့် တစ်ထွာကျော် ကျော်ရှည်သော ဓားဦးချွန်ချွန်ကိုတွေ့ရ၍....

"အောင်မာ ဒီဓားကအဆန်းပါလား၊ မိတ်အင်အင်္ဂလန်တဲ့။ ဒီဓားငါယူ ပြီဟေ့"

သည်တော့ မောင်မိုးကြိုးက....

"ယူပါခင်ဗျာ ၁၅ ကျပ်ပဲပေးရတာပါ။ ဒီဓားယူပြီး ကျွန်တော်တို့ မော်တော်ပြန်ထွက်နိုင်ပြီလား"

"ဟား.....ဟား....ဟား" ထိုလူသည် အားရပါးရရယ်မောလျက်

"မင်းတို့မော်တော်ပြန်တော့ထွက်ရမှာပါပဲ။ ဒါပေမဲ့ ခဏနေဦးကွ၊ မင်းတို့ ဘေးတွဲလှေတွေပေါ်မှာ ဘာတွေပါသလဲ"

"ဆန်ကအိတ် ၁၀၀၊ ကုလားပဲခြမ်းကလည်း အိတ် ၁၀၀"

"မော်တော်ပေါ်မှာကောကွာ"

"မော်တော်ပေါ်မှာတော့ ကျွန်တော်တို့ အိပ်ရာလိပ်နဲ့ အဝတ်အစား သေတ္တာကလေးတွေပါပဲဗျာ"

"ဒါတွေတော့ တို့မလိုချင်ပါဘူးကွာ၊ ဆန်နဲ့ပဲ ပဲ ယူရမယ်။ ကဲသွေး သောက်တို့ အဲဒီအိတ်တွေအောက်ချကြ။ စံဖဲ၊ သံခဲ၊ ဒီလှိုင်း၊ ကျောက်ဖြုး တို့က နောက်ထပ် လူ ၁၀ ယောက်ခေါ်ပြီးတော့ ရွာတွေမှာ နွားလှည်းသွား ဆင့်"ဟုအမိန့်ပေး၍ ထိုလူ လေးယောက်ထွက်သွားသည်။ ကျန်လူများက

mgyoe.com

ဆန်အိတ်၊ ပဲအိတ်တွေ ကမ်းချကြသည်။

ဤတွင် မောင်မိုးကြိုးက ထိုလူအနားချဉ်းကပ်၍....

"တစ်ခုအစီရင်ခံပါရစေခင်ဗျာ"

"ဘာများတုံးဟေ့"

"ဒီဆန်တွေ၊ ပဲတွေအကုန်မယူပါနဲ့ခင်ဗျာ၊ ကျွန်တော့်ဖို့ တစ်ဝက်စီချန်ထားစေချင်ပါတယ်"

ထိုလူသည် အားရပါးရ ဟက်ဟက်ပက်ပက်ရယ်မောလျက်...

"မင်းမလဲ ကျားကြီးကို ဒရယ်လေးက ကျွန်တော့်အသားအကုန်မစားပါနဲ့၊ တစ်ခြမ်းချန်ထားပါ ပြောလို့ရမလားကွ"

မောင်မိုးကြိုးက တိုးလျှိုးတောင်းပန်သောအသံနှင့်–

"ကျွန်တော်ကလူသားပါ၊ ဒီဥပမာနဲ့ နှိုင်းလို့ မရပါဘူးခင်ဗျာ။ ဆန်အိတ် ၅၀၊ ပဲအိတ် ၅၀ ဆိုလည်း ခင်ဗျားတို့ အလကားရတဲ့လူအဖို့ မနည်းပါဘူးခင်ဗျာ၊ ကျွန်တော့်အဖို့လည်း အရင်းမပြုတ်အောင်"

"ဟေ့ စကားရှည်လိုက်တာကွာ....။ ချကြဟေ့ မြန်မြန်၊ အကုန်သာချကြကွ" ဟု သူ့လူတွေအော်ပြီး အမိန့်ပေးနေသော်လည်း မောင်မိုးကြိုးက မလျှော့သေးဘဲ....

"ဒီကိစ္စခင်ဗျားတစ်ယောက်တည်းမဆုံးဖြတ်ပါနဲ့ ခင်ဗျားအထက်ကလူနဲ့ တိုင်ပင်ပါဦး"

"ဟေ့ ဒီနေရာမှာ ငါဗိုလ်ပဲကွ"

"မဟုတ်သေးပါဘူးခင်ဗျာ၊ ဗိုလ်ကြီးသံလက်သီးရဲ့ လက်သီးကြီးတစ်လုံးဟာ ဥသျှစ်သီးကြီးလောက်ရှိသတဲ့။ ကျွန်တော်ကြားဖူးတယ် ခင်ဗျားလက်သီးကတော့ ကျွန်တော့်လက်သီးလောက်ရှိတယ်"

"အောင်မာ–မင်းကငါနဲ့ လက်သီးချင်းပြိုင်ထိုးချင်တဲ့သဘောပါလား"

"မဟုတ်သေးပါဘူးခင်ဗျာ၊ ဗိုလ်ကြီးသံလက်သီးကို ကျွန်တော်တွေ့ချင်လို့ပါ"

ဤစဉ်တွင် တောအုပ်အကွယ်မှ ထွက်လာကြသော မြင်းခွာသံများကိုကြားရ၍ နှစ်ယောက်သား လှမ်းကြည့်လိုက်ကြပြီး ထိုလူက–

"ဟောဟိုမှာလာပါပြီ မင်းအဖေကြီး"

mgyoe.com

mgyoe.com

မောင်မိုးကြိုးကပြုံး၍....

"အောင်မာ ဒီလူကြီးမျိုးအဖေတော်စမ်းချင်လှပေါ့ဗျာ"

အကြောင်းမှာ ဗိုလ်သံလက်သီးနှင့် သူ့သမီးချော မြတ်စုက မြင်းချင်းဘေးချင်း ယှဉ်စီးလာသည် ဖြစ်သောကြောင့် ထိုလူအတော်ခံပြင်းသွားကာ...

"မင်းဒီစကားကတော့ တော်တော်အသက်နဲ့ နီးသကွ"

မောင်မိုးကြိုးက ပမာမခန့်ပင်....

"ဟုတ်လား၊ မသိပါဘူးဗျာ ဒီနေရာမျိုးမှာ ဒီလောက်ချောမောလှပတဲ့ အမျိုးသမီးရှိလိမ့်မယ်လို့လည်း ကျွန်တော် မတွေးထင်မိပါဘူး"

"ဟေ့ကောင် တော်တန်တိတ်"

ဗိုလ်သံလက်သီးသားအဖ သူတို့အနီးသို့ မြင်းရပ်လိုက်ကြပြီး

"ဘယ်လိုတုန်းဟေ့ ဗိုလ်ကျောက်တိုင်"

"ဗိုလ်ကြီးရာ၊ ဓားပြတိုက်ခံရပြီး ဒီလိုဈေးဆစ်တဲ့လူမျိုးလည်း ကျွန်တော်တို့ ခုမှပဲတွေ့ဖူးတော့သဗျ"

"ဘာဈေးဆစ်နေတာလဲကွ"

ဗိုလ်ကျောက်တိုင်ကသူ့ဗိုလ်ကြီးအား အကျိုးအကြောင်းအစီရင်ခံနေစဉ် မောင်မိုးကြိုးသည် ဗိုလ်ကြီးသံလက်သီးသမီး လှမြတ်စုကိုပဲ မျက်စိကျနေ၏။ လှမြတ်စုသည် အသက် ၂၀ မျှ ကိုယ်လုံးကိုယ်ပေါက် အချိုးကျကျနှင့် မြင်းစီးဘောင်းဘီစပို့ရှပ်နှင့် ကျစ်ဆံမြီးနှစ်ခွကို ရင်ဘတ်မှာကြီးထွားဖောင်းမို့သော ရင်သားများနှင့် အံဝင်ခွင်ကျအောင် ကြက်ခြေခတ်ပြီး ခါးနောက်မှာ နှစ်ခုသွားချည်နှောင်ထား၏။ တောက်.....ပိတုံးရောင်ကေသာ ဖြေကာချလိုက်လျှင် ခြေဖနှောင့်ထိမှာပါတကားဟု မောင်မိုးကြိုးစိတ်က မှတ်ချက်ချလိုက်မိ၏။

ဗိုလ်ကျောက်တိုင်က မောင်မိုးကြိုးဈေးဆစ်ပုံကိုပြောပြသောအခါ လှမြတ်စုက ပါးချိုင့်ကြီးနှစ်ဖက်နှင့် ဘက်ဘက်ကသွားတက်စံပယ်ဖူးလေးပေါ်အောင်ပြုံး၍ မောင်မိုးကြိုးကိုကြည့်လိုက်တော့ မောင်မိုးကြိုးက ပြန်ပြီး ပြုံးပြလိုက်၏။

သူတို့ချင်းမှာ ချက်ချင်းရင်းနှီးသွားသည့်နှယ် ဗိုလ်ကျောက်တိုင်မှာ
mgyoe.com

mgyoe.com


ခံပြင်းသော မျက်နှာထားနှင့်....

"ကဲ...ဟေ့၊ မင်းဘာပြောချင်သေးလဲ"

"ခင်ဗျားနဲ့တော့ ပြောစရာကုန်ပါပြီခင်ဗျာ၊ ဟောဒီဗိုလ်ကြီးကို အစီရင်ခံချင်ပါသေးတယ်"

ဗိုလ်သံလက်သီးက....

"ဘာများတုံးကွ"

ဗိုလ်သံလက်သီးသည် အသက် ၄၀ ကျော် ၅၀ နီးပါးမျှ၊ အရပ်လည်း ၅ ပေ၊ ၁၀ လက်မမျှရှိ၍ လေးလုံးခြောက်ဖက်ကြီး သန်စွမ်းသူလည်းဖြစ်၏။ စစ်သားဘောင်းဘီ၊ စစ်သားအကျီဝတ်ထားသည်။ ကာကီရောင်စစ်ဦးထုပ်ဆောင်းထားသည်။ သူတို့အဖွဲ့သားအားလုံး ဤစဉ်တွင် အမေရိကန်တပ်တို့မှ ထုတ်ရောင်းသော စစ်သားအဝတ်အစားများ ဖြစ်ရကားသူတို့သည် မြို့နှင့် ဈေးဝယ်အဆက်အသွယ်ရှိသည်ကို သိသာလှသည်။

မောင်မိုးကြိုးက ဗိုလ်သံလက်သီး၏ ခန့်ထည်သော မျက်နှာကြီးကို မရွံ့မရဲကြည့်လျက်....

"ဒီလိုပါဗိုလ်ကြီးခင်ဗျား....၊ အခုဆိုရင် တကောင်းဆိပ်ကမ်းမှာ ကျွန်တော့်လို ကုန်သည်လှေသမ္ဗန်မော်တော်တွေ အများစုပုံနေကြပါတယ်။ ဒီမြစ်ကျဉ်းမှာ ဗိုလ်ကြီးတို့အဖွဲ့ ရောက်နေတယ် ကြားတာနဲ့ သူတို့အညာကို မတက်ဝံ့ကြဘူး။ ဗိုလ်ကြီးတို့ကို သိပ်ကြောက်နေကြပါတယ်"

"နို့....မင်းကကော ငါ့ကိုမကြောက်လို့လာခဲ့တာလားကွာ"

ဗိုလ်သံလက်သီးက အေးဆေးစွာမေး၏။ မောင်မိုးကြိုးက ကြောက်ရွံ့ခြင်းကင်းမဲ့သောအသံနှင့်....

"ဟာ....ဘယ်မကြောက်ဘဲရှိပါ့မလဲဗျာ၊ သို့သော် ကျွန်တော်တွက်တာက ဒီလိုလေ ကျွန်တော့်မှာ ဆန်အိတ် ၁၀၀၊ ပဲအိတ် ၁၀၀ ပါခဲ့တယ်။ အဲဒါတွေကို ကျွန်တော် ကြည်ကြည်ဖြူဖြူနဲ့ ဗိုလ်ကြီးတို့ကို တစ်ဝက်စီချပေးခဲ့ပြီးတော့ရင် ဒီရက်အတွင်းမှာ ကျွန်တော် ကသာရောက်မယ်ဆိုရင် ဟိုကုန်သည်တွေမလာမီ ကုန်အပြတ်မှာ ကျွန်တော့်ပစ္စည်းတွေ ဈေးနှစ်ဆရောင်းရတော့ရင် ကိုယ့်လိုရင်း ကိုက်တာပဲ မဟုတ်လား"

ဗိုလ်သံလက်သီးက အမှတ်မဲ့ သဘောကျသွားလျက်....

mgyoe.com

mgyoe.com

"အေး....မင်းတွက်သားမဆိုးဘူးဟ"

ဤတွင် ဗိုလ်ကျောက်တိုင်က–

"ဟာ....ဗိုလ်ကြီးကလဲ၊ သူပြောတဲ့အတိုင်း တစ်ဝက်ပြန်ပေးဦးမလို့လား"

"ငါစဉ်းစားတာပဲကွ"

"ဟာဘယ်ဖြစ်မလဲဗိုလ်ကြီး။ ကျွန်တော်တို့လည်း ဒီမှာ ရက်အကြာကြီးစောင့်နေလို့ သင့်တော်တာ မဟုတ်ဘူး။ နို့ပြီး သူ့ဆန်အိတ် ၁၀၀၊ ပဲအိတ် ၁၀၀ ကကော ကျွန်တော်တို့ချည်း ယူရမှာမဟုတ်ဘူး။ ခုသွားခေါ်တဲ့ဟိုရွာက လှည်းသမားတွေကိုလည်း ကျွန်တော်တို့အတွက် နှုတ်ပိတ်ဖို့ ပေးရဦးမယ်မဟုတ်လား"

"အေး ဗိုလ်ကျောက်တိုင်ပြောတာ ဟုတ်တယ်ဟေ့။ ကဲ....မောင်ရင်ဝမ်းနည်းပါတယ်ကွာ"

သူတို့ ဤသို့ စကားပြောနေကြစဉ်မှာ ပထမကမ်းနှင့် ကပ်ထားသောလှေပေါ်မှ ဆန်အိတ်တွေကို ချနေကြသည်။ လှေသမားများကိုလည်း ပင့်ပေးခိုင်းသည်။ ထိုဆန်လှေ ပြီးသွားသောအခါ၌ မော်တော်ဆရာတွေက ပဲအိတ်ပါသော လှေကိုကမ်းသို့ ကပ်ပေးရပြန်သောကြောင့် လှေသမားမော်တော်သားအားလုံးသည် လှေပေါ်မော်တော်ပေါ်မှာ ရောက်နေကြသည်။

မောင်မိုးကြိုးသည် စိတ်ပျက်သော မျက်နှာနှင့်....

"ဟာ....ဒီလိုဆိုခက်တာပါပဲဗျာ"

ဤတွင် ဗိုလ်ကျောက်တိုင်က...

"အောင်မာ၊ ပစ္စည်းယူပြီး လူမသတ်တာဘဲ ကျေးဇူးတင်ပါဦး ကိုယ့်လူရယ်"

"အား....လူသတ်လိုက်တာက တစ်ခါတည်းအေးသွားတာပေါ့ဗျ၊ ခုတော့ ကျုပ်မှာ ဒါလေးနဲ့ ရင်းနှီးစားနေရတာ၊ တောက်" ဟု ငိုမဲ့မဲ့လေးတောက် ခေါက်လိုက်သည်၌ လှမြတ်စုက ကြင်နာသောမျက်နှာနှင့်ကြည့်မိသည်။ ဗိုလ်သံလက်သီးက–

"ဒီမော်တော်က မင်းအပိုင်မဟုတ်ဘူးလား"

"ဘယ်ဟုတ်ရမှာလဲ ဗိုလ်ကြီးရာ။ အဲဒီလှေနှစ်စီးနဲ့ မော်တော်ကို မန္တလေး

mgyoe.com

mgyoe.com

ကနေ ကသာအရောက်၊ နဝလီခတစ်ထောင်နဲ့ ငှားခဲ့ရတာဗျ။ အခု....အဲဒီ အခတစ်ထောင်လည်း မန္တလေးမှာ စရံ ၅၀၀ ပဲ ပေးခဲ့ရသေးတယ်"

ဗိုလ်ကျောက်တိုင်က "အောင်မာ မင်းတစ်ယောက်လုံးရှိတဲ့ပစ္စည်း ဓားပြ တိုက်ခံနေရတာ၊ ဒီသူများပေးဖို့ ငွေ ၅၀၀ များ တွေးပူနေရသေးသလား"

"ခင်ဗျားလို ဓားပြမဟုတ်တော့ ပူရတာပေါ့ဗျ"

ဗိုလ်ကျောက်တိုင် ဒေါပွလာလျက်–

"ဟေ့....မင့်စကား အနှောင့်မလွတ် အသွားမလွတ်ဘူး။ တော်တော့ကွ" ဆိုပြီး မော်တော်ဆီလှမ်းကြည့်လိုက်၍ "ဟေ့ အိတ်တွေအားလုံးချပြီးပလား ကွ"

"ပြီးပါပြီ ဗိုလ်လေး" ဟု ပြန်ပြောလိုက်သည်နှင့်...

ဗိုလ်ကျောက်တိုင်က မောင်မိုးကြိုးအား...

"ကဲ...မင်း မော်တော်ပေါ်တက်ပြီး သွားပေရော့"

မောင်မိုးကြိုးက အောင့်ညှစ်ညစ်အသံနှင့်....

"ကျွန်တော် ဘယ်သွားရမှာလဲ"

"မင်းသွားချင်တဲ့ဆီကိုပေါ့ကွ၊ မင်းသဘောပေါ့"

"ကျွန်တော့်သဘောဆိုလျှင် ကျွန်တော့်လူတွေနှင့် တိုင်ပင်ကြည့်ဦး မယ်" ပြောပြီး မော်တော်ပေါ်တက်သွား၏။

မော်တော်စက်နှိုးထားသည်။ ဒီကောင်တော့ သွားပြီထင်နေကြရာ ခဏ အကြာ၌ မောင်မိုးကြိုးသည် ပြန်ဆင်းလာပြန်သဖြင့် ဗိုလ်ကျောက်တိုင်က...

"ကိုယ့်လူက ဘာလို့ ပြန်လာပြန်တာလဲ"

"ခင်ဗျားက ကျွန်တော့်သဘောဆို"

"အေး–မင်းသဘောက ဘယ်လိုတုန်း"

"ခင်ဗျားပြောနေလို့တော့အပိုပဲ....၊ ဗိုလ်ကြီးကို အစီရင်ခံပါရစေ" ဟုပြောပြီး မြင်းများပေါ်၌ ထိုင်နေကြသော ဗိုလ်သံလက်သီးနှင့် သမီး လှမြတ်စုတို့ ရှေ့တည့်တည့်သွားပြီး မတ်တတ်ရပ်လျက် "ကျွန်တော့်မှာ ဒီပဲအိတ် ၁၀၀၊ ဆန်အိတ် ၁၀၀ ဖိုးအရင်းအနှီးလေးနဲ့ အောက်ကုန် အထက်ကုန် ကူးသန်းပြီး မိဘများကို လုပ်ကျွေးနေရတယ်။ အခုဒီအရင်း ပြုတ်တဲ့နောက်၊ ကျွန်တော်ဘာလုပ်စားတော့မလဲ၊ ဒီတော့ ဗိုလ်ကြီး ခုန

mgyoe.com

mgyoe.com


ကျွန်တော်ပြောတဲ့အတိုင်း ပဲအိတ် ၅၀၊ ဆန်အိတ် ၅၀ တစ်ဝက်စီတော့ ပြန်ပေးလိုက်ပါ။ ဒါမှမဟုတ် ဗိုလ်ကြီးတို့မှာ ရိက္ခာလိုနေတယ်ဆိုလည်း ပေါက်ဈေးနဲ့ ငွေကို ပေးလိုက်ပါ"

ယင်း၌ ဗိုလ်ကျောက်တိုင်က သရော်သော ရယ်မောခြင်းဖြင့်

"ငါ့လခွီး၊ တို့လည်း တောပုန်းဓားပြလုပ်လာတာလည်း ကြာပါပြီ၊ ဓားပြဆီက ပြန်တောင်းတဲ့လူမျိုးတော့ ကြုံဖူးပါဘူးကွာ"

"အေး....အခု ကြုံဖူးပြီမဟုတ်လား"

ပမာမခန့်သံနှင့်ပြန်ပြောသည်။ ဗိုလ်သံလက်သီး သားအဖကတော့ သူ့ကို ထူးဆန်းသလို စိုက်ကြည့်နေကြသည်။

မောင်မိုးကြိုးက ဆက်လက်၍....

"ကဲ ဗိုလ်ကြီး ဘယ်လိုသဘောရသလဲ"

ဗိုလ်ကျောက်တိုင်က...

"ဟ....မပေးတော့ မင်းကဘာလုပ်မှာမို့တုန်း"

"ဗိုလ်ကြီးက မပေးဘူးလို့သာ တစ်ခွန်းတည်း ပြောလိုက်ပါ ကျွန်တော်ဘာလုပ်မလဲသိကြရအောင်"

ဗိုလ်သံလက်သီးက ဒီသူငယ်သတ္တိစမ်းလိုသည်နှင့်....

"မပေးဘူးကွာ"

မောင်မိုးကြိုးသည် ချာကနဲလှည့်ပြီး သူ့မော်တော်ပေါ်ပြန်တက်သွားသည်။ ဒီကောင် ဘာလုပ်မည်နည်း။

လက်ပစ်ဗုံးနဲ့များ လှမ်းထုလေမလား၊ အားလုံး အနေအထားသတိရှိနေကြစဉ် မောင်မိုးကြိုးသည် အိပ်ရာလိပ်တစ်ဖက် သားရေအိတ်တစ်ဖက်ဆွဲကာ မော်တော်ပေါ်မှ ပြန်ဆင်းလာလေသည်။

မော်တော်ကတော့ တဘုတ်ဘုတ်နှင့်ထွက်သွားလေပြီ။

ဗိုလ်ကျောက်တိုင်အနီး ရောက်သောအခါ မောင်မိုးကြိုးက သူ့သားရေအိတ်ကို လှမ်းပေး၍....

"ကူစမ်းပါဦးဗျ၊ ဒီသေတ္တာထဲမှာ အရက်ပါတယ်ဆရာ"

ဖော်ရွေစွာပြောရာ ဗိုလ်ကျောက်တိုင်က လက်မခံဘဲ....

"မင်းအရက် ငါက ဘာလုပ်ဖို့လဲ"

mgyoe.com

mgyoe.com

"ဩော်...ခင်ဗျားက ကျွန်တော်မိတ်ဖွဲ့တာ လက်မခံဘဲကိုး"

"မင်း မော်တော်ပြန်လွှတ်လိုက်ပြီး မင်းက အိပ်ရာလိပ်နှင့် ဆင်းလာတာက ဘာသဘောလဲ"

"ခင်ဗျား အတော် စဉ်းစားဉာဏ် ခေါင်းပါးတဲ့လူပဲ၊ ကျုပ် ဒီမှာနေတော့မလို့ပေါ့ဗျ"

"ဟေ...ဒီမှာနေပြီး မင်းက ဘာလုပ်မှာလဲ"

"ခင်ဗျားတို့ကကော ဘာလုပ်နေကြသလဲ"

"တို့ဟာ တောပုန်းဓားပြဆိုတာ မသိဘူးလား"

"သိလို့ပေါ့ဗျ၊ ကျွန်တော်လဲခင်ဗျားတို့လို တောပုန်းဓားပြလုပ်မှာပေါ့။ ကျုပ်မှာ ဘာမှမရှိတော့တဲ့ ဆင်းရဲသားလေးဖြစ်သွားမှပဲ၊ ဟာ– ခင်ဗျားပြောနေလို့ အပိုပါပဲ" ဆိုပြီး သူ့အိပ်ရာလိပ်နှင့်သေတ္တာကို ဗိုလ်သံလက်သီးနှင့် လှမြတ်စု ရှေ့မှောက်သွားချပြီး သေတ္တာကိုဖွင့်၍ ရော်နီဝါကား ဝီစကီတစ်ပုလင်းထုတ်ကာ ဗိုလ်သံလက်သီးရှေ့မှောက်သွားရောက် ပေးကမ်းလျက်–

"ဗိုလ်ကြီး ကျွန်တော့်ကို သတ်ပစ်ရင်သတ်ပစ်ပါ၊ သို့မဟုတ် တပည့်အဖြစ်လက်ခံမယ်ဆိုလျှင် ဒီအရက်ပုလင်းကိုယူပါခင်ဗျား"

ဗိုလ်သံလက်သီးသည် ဒီသူငယ်၏ ပြုမူပြောဆိုပုံကို သဘောကျနေပြီဖြစ်၍ ပြုံးရွှင်စွာနှင့် ပုလင်းကိုယူလိုက်သောအခါ မောင်မိုးကြိုးသည် ဆွေ့ကနဲခုန်ပြီး နောက်ပြန် လှည့်ကြည့်လိုက်ကာ သူ့သေတ္တာနားပြန်ထိုင်သည်။

ဤအခါ၌ကား ဂိုယာရေမွှေးတစ်ပုလင်းနှင့် ဂိုယာပေါင်ဒါတစ်ဘူးကို ထုတ်ပြီး လှမြတ်စုသို့ သွားပေးကာ–

"ဒါကတော့ ညီမအတွက်လက်ဆောင်ပါ"

သမီးကလည်း ဖအေနည်းတူလက်ခံကာ...

"ကျေးဇူးတင်ပါတယ်ရှင်"

ဗိုလ်ကျောက်တိုင်မှာ ဤစကားသံ ကြားလိုက်ရသည်နှင့် မောင်မိုးကြိုးနှင့် လှမြတ်စုတို့ အပေးအယူပြုရင်း ပြုံးရွှင်နေကြသောမျက်နှာတို့ကိုမြင်ရသည်မှာ သူ့နားကို သံပူနှင့် ထိုးလိုက်သကဲ့သို့လည်းကောင်း၊ သူ့မျက်စိ

mgyoe.com

ထဲကို ငရဲမီးနှင့် ပက်လိုက်သကဲ့သို့လည်းကောင်း လွန်မင်းစွာ ခံပြင်းလှ ကာ ရန်သူ တစ်ယောက်ပေါ်လာပြီဟု ယူဆလျက် ဗိုလ်သံလက်သီးသို့...

"ဗိုလ်ကြီး....ဒီကောင်ကို လက်ခံထားရအောင် သူက ဘာအသုံးကျ မှာမို့လဲ၊ ဘာသတ္တိရှိမှာမို့လဲ"

မောင်မိုးကြိုးကလျင်မြန်သွက်လက်စွာ–

"ဒါကတော့ အသုံးချကြည့်မှ သိမှာပေါ့ဗျ"

ဗိုလ်သံလက်သီးသဘောကျလျက်–

"အေး–သူပြောတာဟုတ်သားပဲကွ။ ဗိုလ်ကျောက်တိုင်ရာ၊ ကဲ မင်း နာမည်က ဘယ်သူလဲကွာ"

"မောင်မိုးကြိုးခေါ်ပါတယ် ခင်ဗျာ"

"ဇာတိကကော"

"ရွှေဘိုကပါခင်ဗျာ"

"အေး....အေး၊ တို့ဂိုဏ်းဝင်ရင် ကတိသစ္စာတွေ ဆိုရလိမ့်မယ်ကွ"

"ဆိုပါ့မယ် ခင်ဗျ"

❑

mgyoe.com

mgyoe.com

# အခန်း(၃)

## ဗိုလ်လုပွဲ

နွားလှည်းများရောက်လာ၍ ဆန်အိတ်၊ ပဲအိတ်များတင်ပြီးသောအခါ အားလုံးပြန်ကြသည်၌ ဗိုလ်သံလက်သီးတို့လူစုမှာ မြင်းကိုယ်စီနှင့်ဖြစ်ကြ၍ မောင်မိုးကြိုးအတွက်မူ သူတို့စခန်းမှ မြစ်ကမ်းလာစဉ်က စားနပ်ရိက္ခာတင်သော လား ၃ ကောင်ပါခဲ့ရာ တစ်ကောင်ကပစ္စည်းများကိုနွားလှည်းအချို့ပေါ်တွင် မျှတင်ပြီး ဤလားကို မောင်မိုးကြိုးအားစီးဖို့ပြင်ဆင်ပေး၏။

သို့နှင့် မောင်မိုးကြိုးသည် လားပေါ် တက်စီးလိုက်သောအခါ ဗိုလ်ကျောက်တိုင်က အနီးသို့သူ့မြင်းနှင့် ရောက်လာပြီး ရယ်သွမ်းသွေးလျက်...

"ဟား...ဟား...ကိုယ့်လူက သူ့မော်တော်က ဆင်းခဲ့ပြီး လားစီးချင်လို့ ဒီမှာနေရစ်ခဲ့တာကိုးကွ၊ အခုလားစီးရပြီမဟုတ်လား" ဟု ရန်စလေ၏။ မောင်မိုးကြိုးလည်း လားပေါ်မှ ဖုတ်ကနဲ ခုန်ဆင်းပြီး ဗိုလ်သံလက်သီးဆီသွား၍–

"ဗိုလ်ကြီးခင်ဗျာ၊ ဗိုလ်ကျောက်တိုင်ဟာ ကျွန်တော့်ကို စော်ကားလွန်း

mgyoe.com

mgyoe.com

လှပါတယ်။ သူ့ကိုဆုံးမပါရစေ" ဟု ပြောလိုက်သည်၌ ဗိုလ်သံလက်သီး ရော လှမြတ်စုပါ အာဂလူပါလားဟူသော အမူအရာဖြင့် အံ့အားသင့်သွား ကြသည်။

ဗိုလ်ကျောက်တိုင်ကမူ –

"ဘာ မင်းကငါ့ဆုံးမမယ်။ ဟား ဟား သားကဖအေကို မဆုံးမရဘူး ကွ၊ ဖအေကသာ သားကိုဆုံးမရလိမ့်မယ်"

"ကောင်းပါပြီလေ၊ ခင်ဗျားနဲ့ ကျွန်တော် ဘယ်သူက ဖအေ ဘယ်သူက သားဆိုတာ အလုပ်ကရှင်းပြမှာပေါ့ခင်ဗျာ။ ခင်ဗျားကြိုက်တဲ့နည်း၊ ကြိုက် တဲ့လက်နက်သာရွေးပေရော့"

ဗိုလ်သံလက်သီးက –

"မင်းတို့နှစ်ယောက်ဟာ တကယ် ချကြရတော့မှာကိုး၊ သို့သော် သေစေ မယ့် လက်နက်တော့ ငါခွင့်မပြုနိုင်ဘူးကွာ"

မိုးကြိုး "ကောင်းပါပြီ ကျွန်တော်တို့လက်သီးချင်းပဲ ထိုးပါမယ်"

ဤစဉ် လှမြတ်စုသည် သူ့မြင်းကိုနှင်၍ မိုးကြိုးအနီးရောက်သော် မြင်းပေါ်ကခုန်ဆင်းလိုက်ပြီး...

"ဒီတိရစ္ဆာန်အတွက်နဲ့တော့ ရှင်တို့သတ်ပုတ်မနေကြပါနဲ့တော့။ ရှင် ကျွန်မ မြင်းကိုစီးပါ၊ ရှင့်အကောင်ကိုကျွန်မစီးပါမယ်။ ကျွန်မကိုတော့ ဘယ်သူမှ နောက်ပြောင်ဝံ့မယ် မဟုတ်ပါဘူး"

မိုးကြိုး "ကျေးဇူးတင်ပါတယ် ညီမ၊ ဒါပေမဲ့ ကျွန်တော်သူ့မြင်းကို ယူပြီး လားကိုသူ့ပေးလိုက်ချင်ပါတယ်"

လှမြတ်စု "ရှင်သူ့ကိုနိုင်ပါ့မလား၊ သူဟာအင်္ဂလိပ်စစ်တပ်က စစ်သား ဟောင်းပဲ၊ ဘောက်ဆင် အင်မတန်ကောင်းတယ်။ ကျွန်မတို့အုပ်စုထဲမှာ လက်သီးထိုးဗိုလ်ပဲ ဖေဖေက လွဲရင်ပေါ့လေ...."

"ကျွန်တော်လည်း ဘောက်ဆင်ကျကျနနသင်ခဲ့တဲ့လူပဲ"

"ဒါပေမဲ့ သူကရှင့်ထက် အသက်ကြီးတယ်ရှင့်"

"ကျွန်တော်အသက်အစိတ်ကျော်ပါပြီ၊ ယောကျ်ားတစ်ယောက်အသက် အစိတ်ရှိရင် အသက် ၃၀၊ ၄၀ တွေကို မကြောက်တော့ပါဘူး"

ဗိုလ်ကျောက်တိုင်မှာ ဤသို့မိုးကြိုးနှင့် လှမြတ်စုရင်းရင်းနှီးနှီးပြောနေ

mgyoe.com
ကြသည်ကို ပိုမိုမခံမရပ်နိုင်ဖြစ်လျက်...

"စု....ဒီကောင် သူ့မသာသူချပါစေ၊ ဘာမှတားမြစ်မနေပါနဲ့"

မိုးကြိုး "ဘယ်သူက ဘယ်သူ့မသာချမယ်ဆိုတာ အလုပ်က ဆုံးဖြတ်ပါလိမ့်မယ်ခင်ဗျာ" ဆိုပြီး ဗိုလ်သံလက်သီးသို့....

"ဗိုလ်ကြီးခင်ဗျာ၊ ကျွန်တော်နဲ့ ဗိုလ်ကျောက်တိုင်နဲ့ အရှုံးအနိုင်ထိုးသတ်ပါတော့မယ်။ ဒီတော့ ရလဒ်ကကျွန်တော်ရှုံးရင် ဒီလားပဲ ကျွန်တော်စီးပြီးတော့ သူပြောသမျှ ခံပါမယ်။ အဲ ကျွန်တော်နိုင်ရင်ဖြင့် သူ့မြင်းကျွန်တော့်ပေးပြီး ဒီလားကို သူ့စီးပါစေ။ နို့ပြီး ဗိုလ်ကြီးမရောက်ခင်က ကျွန်တော့်ဆီက ဓားတစ်ချောင်းလည်း သူယူထားပါတယ်။ အဲဒီဓားကိုလည်း ပြန်ပေးပါစေ"

ဗိုလ်သံလက်သီးက ဗိုလ်ကျောက်တိုင်အား လှမ်းကြည့်၍-

"ဟုတ်သလားဟေ့ ဗိုလ်ကျောက်တိုင်"

"ဟုတ်ပါတယ်၊ သူတို့မော်တော်ကဆင်းတော့ပါတဲ့လက်နက်သိမ်းထားတာပါ"

"ဒါဖြင့် ခုန မောင်မိုးကြိုးပြောတာတွေ သဘောတူပါသလား"

"ဟာ သိပ်တူပေါ့၊ သူ့လားသူပြန်စီးရမှာပဲ"

"ဒါ ခင်ဗျားကျွန်တော့်ကို နောက်ဆုံးစော်ကားတဲ့ စကားဖြစ်ရမှာပဲ ကဲလာ မြင်းပေါ်ကဆင်းဗျာ" ဆိုပြီး မိုးကြိုးသည် ပထမ သူကုတ်အင်္ကျီကို ချွတ်လိုက်သည်။ ဒုတိယရှပ်အင်္ကျီကို ချွတ်လိုက်သည်။ တတိယ ဘောင်းဘီရှည်ကို ချွတ်လိုက်သည်။

စွပ်ကျယ်လက်ပြတ်နှင့် အတွင်းခံဘောင်းဘီတိုကလေးနှင့်ဖြစ်သွားသောအခါကား သူ၏လှပ၍ တင်းမာသောကိုယ်ကာယမှာ ဗိုလ်ကျောက်တိုင်ထက်အားမသေးကြောင်း ဖော်ပြနေပေသည်။

ဗိုလ်ကျောက်တိုင်ကလည်း မိုးကြိုးနည်းတူ ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီချွတ်လိုက်သည်။

ဗိုလ်ကျောက်တိုင်သည် အသားညို၍ အသားလတ်ဖြစ်သော မိုးကြိုးထက် ပိုမိုမာကျောသည်ဟု ထင်ရသည်။

ညောင်ပိန္နဲပင်ကြီးအောက်မှ တောပုန်းအဖွဲ့သားများသည် ပွဲကြီး ပွဲ
mgyoe.com

mgyoe.com

ကောင်း ကြည့်ရတော့မည်ဟု လူများဝိုင်း၍နေရာကို ပြင်ဆင်ပေးကြသည်။

နှစ်ယောက်သားမျက်နှာချင်းဆိုင်မိကြလျှင် မိုးကြိုးကညာလက်သီးစ ကမ်းလိုက်သည်။ ဗိုလ်ကျောက်တိုင်က ပုတ်ထုတ်လိုက်ပြီး ဘယ်ဝိုက်လက် သီးပစ်သွင်းလိုက်သည်။ မိုးကြိုးက ဤလက်သီးလာမည်ကိုသိပြီးမို့ ခေါင်း ကိုငဲ့ရုံလေးဖြင့်ရှောင်လိုက်သည်။

တစ်မိနစ် နှစ်မိနစ် သုံးမိနစ် လေးမိနစ် ငါးမိနစ်....

သူတို့လက်ရည်ချင်းတူညီနေကြသည်။

၆ မိနစ်ခန့်တွင် ဗိုလ်ကျောက်တိုင်၏ လောကြီးသောအမှားကြောင့် ဘယ်ဘက်မျက်လုံးအိမ်ကို မိုးကြိုး၏ ထောက်လက်သီးတစ်ချက်ဝင်သွား သည်။

ဗိုလ်ကျောက်တိုင် လောကြီးရမည်ကလည်း သူသည်အထိုးအသတ် မညံ့ပေမဲ့ အကျင့်က ဝေးနေတော့မောလာသည်။ သိပ်မမောမီ ပွဲပြီးပါမှ သူအနိုင်ရချေမည်။

နံဘေးပရိသတ်ကလည်း ဒီလိုပဲ ထင်ကြေးပေးကြ၏။

မိုးကြိုးကား မနက်ကတကောင်းမြစ်ဆိပ်သဲသောင်ပေါ်မှာ ကြိုးခုန်ခဲ့ သေးသည်မို့ သက်လုံကောင်းလျက် အေးအေးဆေးဆေးနှင့် ကြွက်ကို ကြောင်ကစားသလို ရွရွလှလှလေးထိုးနေ၏။ အမှားတစ်ကွက်မရှိရ။ ဗိုလ် ကျောက်တိုင် ဒေါသထွက်အောင်သာ ဆွကစားလျက် –

"နောင်ကြီးအသက်ဘယ်လောက်ရှိသလဲခင်ဗျ"

ဗိုလ်ကျောက်တိုင်ပြန်မပြောနိုင်၊

"ဖအေနဲ့ သားဘယ်သူ့ကို ဘယ်သူက ဆုံးမသလဲခင်ဗျ"

ဗိုလ်ကျောက်တိုင်မှာ ထိုးကွက်ကိုသာဂရုစိုက်နေရသည်။

"ဆုံးမတဲ့လူကအဖေ၊ အဆုံးမခံရတဲ့လူက သားပေါ့ခင်ဗျာနော်..."

ဗိုလ်ကျောက်တိုင်မှာ ဒေါပွသည်ထက်ပွလာလေပြီ...

နံဘေးပရိသတ်ထဲတွင် အခြားလူတွေကို ဘာမျှမပြောလိုသော်လည်း လှမြတ်စုကားဝမ်းသာသည်။ ဝမ်းသာ၍သာ၍ လာလေသည်။ မိုးကြိုးက အရေးသာသည်ထက် သာ၍လာသည်ကို မိုးကြိုးပေးထားသော ရေမွှေး ပုလင်းနှင့် ပေါင်ဒါဘူးကိုလက်ထဲကျစ်ကျစ်ဆုပ်လျက် တောတွင်းတွင်နေ

mgyoe.com

mgyoe.com
ခဲ့ရသော သူ့တစ်သက်တွင် ဤမျှကောင်းသောလက်ဆောင်မွန်မျိုးခုမှ ရဖူးသကိုး။

ပွဲပြီးချိန်နီးလာသောအခါတွင် ဗိုလ်ကျောက်တိုင်သည် ရေရှည်ဆွဲလို့ကား အမောမခံနိုင်သောသူ အရေးမလှတော့ပြီကိုသိ၍ ဖွတ်အတင်းဝင်ကာ လက်သီးချက်များကို မိုးသီးမိုးပေါက်ကဲ့သို့လွှတ်လေ၏။ လက်ဝှေ့အကြောင်းနားလည်သူတို့မှာ မိမိကတအားကျုံး၍ လက်သီးတစ်ချက်လွှတ်လိုက်သည့်အခါတိုင်း မိမိ၏မျက်နှာတွင် အကာအကွယ်မရှိဘဲ လမ်းဖွင့်ပေးထားသကဲ့သို့ဖြစ်ကြောင်းကို နားလည်ကြပြီးဖြစ်ပေလိမ့်မည်။ တအားကျုံး၍ ထိုးလိုက်သော လက်သီးချက်များသည် မိမိချိန်ရွယ်သည့်အတိုင်း 'စွဲ' ပါမှုကားတော်ပါသေး၏။ သို့မဟုတ်မူ၍ တစ်ဖက်သားသည် လာမည့် လက်သီးချက်ကို မြင်သဖြင့် ရှောင်တိမ်းသည်ဖြစ်စေ၊ ကာကွယ်သည်ဖြစ်စေ ပြုလုပ်နိုင်ပါမူကား တအားသွန်၍ ထိုးသောသူအဖို့ အခက်ကြုံရတတ်၏။ ယင်း၌မိုးကြိုးမှာ မျက်စိ အလွန်လျင်သည့်ပြင် စိတ်ရှည်လှသော လက်ဝှေ့သမားတစ်ယောက်လည်းဖြစ်ရကား ဗိုလ်ကျောက်တိုင်အား စိတ်ထွက်သည်ထက် ထွက်အောင်၊ ဒေါပွသည်ထက်ပွအောင် ဆွ၍ဆွ၍ပေးလေ၏။ သို့ဖြစ်၍ ၁၅ မိနစ်မျှကြာသည်တွင် ဗိုလ်ကျောက်တိုင်သည် စိတ်အလွန်ဆိုးလာသည်နှင့် ဒေါသကို မချုပ်တီးနိုင်တော့ဘဲ မိုးကြိုးကို အတင်းဝင်၍ထိုးလေရာ မိုးကြိုးသည်လာမည့် လက်သီးများကို မဆွကပင် ကြိုတင်မြင်ထားသည်နှင့် နောက်သို့ ဆုတ်ခွာ၍ ရှောင်ခြင်းပင်မပြုတော့ဘဲ လက်ယာဘက်မှလာသောလက်သီးကို လက်ဝဲဘက်သို့ဦးခေါင်းငဲ့ရုံမျှလည်းကောင်း၊ လက်ဝဲဘက်မှ လာသောလက်သီးကို လက်ယာဘက်သို့ ဦးခေါင်းငဲ့ရုံမျှလည်းကောင်း၊ တိမ်းရှောင်ပြီးသည်နှင့် တစ်ပြိုင်နက် ဗိုလ်ကျောက်တိုင် ဘာလုပ်ရမည်မသိလိုက်မိ သူ့ပါးချိတ်ဆီသို့ ဘယ်ပြန်ညာပြန် ထိုးချလိုက်ရာ ဗိုလ်ကျောက်တိုင်မှာ ဦးခေါင်းငိုက်ဆိုက်ကျသွားသောအခါတွင် မိုးကြိုးသည်နောက်ဆုံးတစ်ချက်ကိုအပြီးထိုးလိုက်လေတော့၏။

သြဘာသံများဆူညံသွားသောအခါ၌ကား ပက်လက်လန်နေသော ဗိုလ်ကျောက်တိုင်မှာ ဘာသံမျှမကြားရတော့ပေ။

"ကျောက်တိုင်ကို မိုးကြိုးပစ်ပြီ" ဟု ပြောကြလျက် ဗိုလ်ကျောက်တိုင်
mgyoe.com

mgyoe.com

အား မျက်မုန်းကျိုးသူတို့ ဝမ်းသာကြ၍ ဗိုလ်ကျောက်တိုင်ဘက်တော်သားတို့မှာ မိုးကြိုးကို မျက်စောင်းခဲကြကုန်သည်။

သို့သော်မိုးကြိုးသည် မည်သူ့ကိုမျှ ဂရုမစိုက်၊ သူ့အတွက် ဝမ်းသာနေသော လှမြတ်စုမျက်နှာကိုမြင်ရသည်နှင့် လှမြတ်စု၏ လက်ခုပ်သြဘာသံကို ကြားရသည်နှင့်ပင် လူဖြစ်ကျိုးနပ်ပြီဟူသော ရွှင်လန်းခြင်းမျိုးဖြင့် သူ့ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီပြန်ဝတ်၊ ကုတ်အင်္ကျီကိုတော့ နေရောင်ရင့်လာပြီမို့ ပခုံးပေါ်တင်ကာ ဝိုင်းဝန်းပြုစုသဖြင့် သတိပြန်ရနေပြီဖြစ်သော ဗိုလ်ကျောက်တိုင်ဆီမှ သူ့ဓားကိုယူ၍ ခါးမှာချိတ်ပြီးဗိုလ်ကျောက်တိုင်အား–

"ခင်ဗျားထိုးသတ်ပုံကျွန်တော့်ထက်မညံ့ပါဘူး။ ဒါပေမဲ့ ကျင့်သားမရှိလို့ မောပြီးရှုံးတာပါ။ လေ့ကျင့်ပြီး နောက်တစ်ပွဲပြန်ထိုးချင်လည်းထိုးပါ။ အခုလည်းပဲ ဒီဓားပဲကိုယ့်ဟာမို့ ကိုယ်ပြန်ယူပါတယ်။ ခင်ဗျားမြင်းတော့ ခင်ဗျားစီးပါ။ ကျွန်တော် ဟိုလားပေါ်ကပဲထိုင်လိုက်ခဲ့ပါတော့မယ်" ဟု ပြောသော်လည်း ဗိုလ်ကျောက်တိုင်မှာ အလွန်ရှက်လှ၍ ဘာမျှပြန်မပြောတော့ဘဲ ကုလားပဲအိတ်များတင်ထားသော လှည်းတစ်စီးပေါ်သို့သွားထိုင်လေသည်။ ယင်းသည်ပင် သူ့ဟာသူ မသွားနိုင်တော့၍ လူတစ်ယောက်က ဖေးမပေးရ၍ စင်စစ်အားဖြင့် သူသည်လားပေါ်မှာလည်းကောင်း၊ မြင်းပေါ်မှာလည်းကောင်း မထိုင်နိုင်တော့ပြီ။ သူ့မျက်စိများလည်း ကောင်းစွာမမြင်ရတော့ပြီ။ မျက်နှာလည်း ဖူးရောင်နေ၏။

ထို့ကြောင့် မိုးကြိုးသည် ဗိုလ်ကျောက်တိုင်မြင်းပေါ်တက်စီးခဲ့၍ ဗိုလ်သံလက်သီး၏ ခွင့်ပြုချက်အရ သူတို့သားအဖနှင့် ရင်ဘောင်တန်းလိုက်ခဲ့လေသည်။

ဗိုလ်သံလက်သီးက မေးခွန်းအချို့မေးသည်။

"မင်းရွှေဘိုဇာတိဆိုတော့ ဘယ်သူ့သားများလဲ"

"အဖေက ကိုအောင်သူ အမေက မရွှေနုပါ"

ဗိုလ်သံလက်သီးမှာ မျက်စိကျယ်သွားလျက်....

"အော်ဒီလိုဆိုရင် ငါသူတို့ဆွေမျိုးတွေကို သိတယ်ဟေ့၊ ငါ့ဇာတိလည်း ရွှေဘိုနယ်ကကိုးကွ။ ဒါနဲ့ မင်းအဖေက သူနဲ့ညီအစ်ကိုတစ်ဝမ်းကွဲတော်တဲ့ ထနောင်းကုန်းရွာသား ကိုအောင်ကျော့အကြောင်းများဘာပြောသံကြား

mgyoe.com

mgyoe.com

သလဲကွ"

"ဟာ ဖေဖေဟာ စုတ်တသပ်သပ် ရင်တမမပေါ့။ အဲဒီ သူ့ညီဝမ်းကွဲ ဟာ သိပ်သတ္တိကောင်းတယ်။ ဂျပန်ခေတ်က ဂျပန်စစ်ဗိုလ်တစ်ယောက် ကို သူကသတ်ပစ်တာ နောက်သူ့ကိုလည်း ဂျပန်တွေကဖမ်းပြီး သတ်ပစ် သတဲ့"

"အော်....ဟုတ်လား"

စင်စစ် ယခုဗိုလ်သံလက်သီးအမည်ခံ ကိုအောင်ကျော့လွတ်မြောက် သွားသည်ကို ဂျပန်များက မခံမရပ်နိုင်ဖြစ်၍ သက်ဆိုင်ရာဌာနမှ ကိုအောင် ကျော့နှင့် ခပ်ဆင်ဆင်တူသော လူသတ်မှုကျူးလွန်ထားသော လူဆိုးတစ် ယောက်ကို 'အောင်ကျော့' လုပ်၍ ဂျပန်လက်ထဲအပ်လိုက်ရ၏။ ပြီးတော့ ဌာနကလည်း အောင်ကျော့သေပြီဟုသတင်းဖြန့်ရ၏။ သို့သော် အမှုတွဲ ထဲမှာ တန်းလန်းထားသည်ကိုကား သက်ဆိုင်သော အရာရှိများပဲ သိ ကြ၏။

ဗိုလ်သံလက်သီးက စဉ်းစဉ်းစားစားနှင့် စကားဆက်ပြန်၏။

"ဟိုအရင်တုန်းက ငါ့အဲဒီဆွေမျိုးတစ်သိုက်နဲ့ တော်တော်အကျွမ်းဝင် ခဲ့တယ်ကွ။ ဒါပေမဲ့ ကိုအောင်သူနဲ့ မရွှေနုတို့သားသမီးထဲမှာ မိုးကြိုးဆိုတာ ငါမကြားမိဘူးကွ"

"ဟာ ဗိုလ်ကြီးကလည်း၊ မိုးကြိုးက ကျွန်တော့်မိဘပေးတဲ့ နာမည်မှ မဟုတ်တာဘဲ။ ကျွန်တော် ဘောက်ဆင်ထိုးတယ်၊ ကဗျာရေးတယ်။ အဲသည် အခါမှာ သုံးတဲ့နာမည်ဘဲ ခင်ဗျ"

"ဉ်း နာမည်ရင်းက"

"တွတ်နီခေါ်တဲ့ ဘမောင်လေ"

လှမြတ်စုသည် မိမိ ၇ နှစ် ၈ နှစ်အရွယ်က တွေ့ခဲ့ဖူးသော ဟိုတုန်းက ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်ရွယ်အစ်ကိုနှစ်ဝမ်းကွဲတွတ်နီကို ပြန်စဉ်းစားလေ သည်။ ရုပ်ကတော့ ငယ်စဉ်နှင့်ဖမ်းမရအောင်ရှိလေသည်။ တစ်သွေးတစ် မွေးကြီး ဖြစ်နေပါလား။

ဗိုလ်သံလက်သီးက သူ့ဇာတိကိုမဖော်လိုသေး၍ ကျန်စကားမဆက် တော့ဘဲ စကားလွှဲကာ၊

mgyoe.com

"ဟော့ မင်းဓားက အဆန်းပဲကွ။ မှန်းကြည့်ရအောင်"

မိုးကြိုးက သူ့ခါးမှဖြုတ်ပေးလိုက်၍ ဗိုလ်သံလက်သီးက ဓားကို ဓားအိမ်မှဆွဲထုတ်ကြည့်ကာ....

"အောင်မာနစ်ဖက်သွားပါလားဟော့။ သန်လျက်လိုပဲ၊ ဦးကချွန်ပါဘိ။ ဘယ်လိုသုံးဖို့လဲ"

"အမျိုးမျိုး သုံးရတာပေါ့ခင်ဗျာ။ အထူးသဖြင့် သူကပစ်ဓားပဲဟာ အဆင်သင့်ပဲ၊ သူ့ အသုံးပြုရအောင် ဗိုလ်ကြီးခဏပေးပါ" ဟု သူ့ဓားသူယူပြီး လမ်းဘေး ပေ ၅၀ လောက်အကွာရှိ သစ်ပင်ကြီးပင်စည်မှာ လူနှစ်ရပ်လောက်မမြင့်၊ အမြီးကြီး ထောင်ထောင်နှင့် ဖောက်ထိုးကြီးနေသော တောရှဥ့်ကြီးတစ်ကောင်ကို လှမ်းပစ်လိုက်ရာ ရှဥ့်ကြီးမှာ ထိုနေရာက မရွေ့တော့ပေ။

မိုးကြိုးသည် ဓားရော ရှဥ့်ပါ သွားရောက်ဖြုတ်ယူလာပြီး ရှဥ့်ကို "ကဲ–ဗိုလ်ကြီး စခန်းရောက်ရင် ကြော်ပြီး အခုနကချွန်တော်ပေးထားတဲ့ ဝီစကီနဲ့ မြည်းပေရော့" ဆိုပြီး ပေးလိုက်၏။

ဗိုလ်သံလက်သီးသည် ဝမ်းသာအားရ....

"တယ် ဟုတ်တဲ့လူပါလားဟော့" ဆိုပြီး ရှဥ့်ကိုယူကာ သူ့နောက်က တပည့်တစ်ယောက်ကိုပေးလိုက်၏။ အခြား လူများကလည်း မိုးကြိုး၏ ဓားပစ်ကောင်းပုံကိုချီးမွမ်းအံ့သြကြသည်။ သူ့ဆီက သင်ယူမည်ပင်စိတ်ကူးကြ၏။

ဤမျှမကသေးပါ။ မိုးကြိုးသည် သူ့အားချီးကျူး ဝမ်းသာနေသော လှမြတ်စု၏ ရွှေမျက်နှာတော်ကို ကြည့်လိုက်ပြီး....

"အို.....ကျုပ်ညီမအတွက်လိုပါသေးသလား" ဆိုပြီး ဟိုဟိုဒီဒီကြည့်ရာ လမ်းဘေး သစ်ပင်ကြီးတစ်ပင်ပေါ်မှာ သစ်ခွပန်းတွေမြင်သဖြင့် ၎င်းသစ်ပင်အောက်သို့ မြင်းကို နှင်သွားပြီး သူ့ဓားကိုမြှောက်ပစ်လိုက်သည်။ ဓားကလည်းတက်သွားပြီးပေ ၄၀ လောက်အမြင့်မှ သစ်ခွပန်းခက်ကိုမှန်၍ အရင်ပြန်ကျလာသော ဓားကို သူ့ညာလက်နှင့်ဖမ်းပြီး ဖြည်းညှင်းစွာကျလာသော သစ်ခွပန်းခက်ကြီးကို သူ့ဘယ်လက်နှင့် ဖမ်းယူကာလှမြတ်စုထံသွားရောက်ဆက်သလိုက်လေသည်။

mgyoe.com

mgyoe.com

လှမြတ်စုသည် အလွန်ဝမ်းသာအားရရှိလှ၍ ချက်ချင်းပင် သူ့ခေါင်းမှာ ပန်ဆင်လိုက်လေ၏။

"လှလိုက်တဲ့ သစ်ခွပန်းကြီးရှင်"

❑

mgyoe.com

mgyoe.com

# အခန်း(၄)

**သစ္စာထားတေးထပ်**

အလှပေါ်အလှဆင့်၊
လှဘုရင့် သရဖူ၊
ကမ္ဘာ့အဆင့် သူမတူတယ်၊
ဇမ္ဗူတွင်စံရှား။
ကြင်ရသူ သဲဘဝင်မှာ၊
အမြဲပင် စွဲထင်၍သွား။
ချောနှမ ပျို့ဖြူရယ်၊
နှစ်ကိုယ်တူ သက်ထား၊
မလိုသူ ဖျက်ငြားသော်မှ
မပျက်ပြားပါနဲ့ကွယ်။
အနောက်မှာနေထွက်တောင်မှ
သွေမပျက် ချစ်ကြပါမယ်။
ဆွေတစ်သက် မပစ်ပယ်တယ်

mgyoe.com

mgyoe.com


ချစ်ပင်လယ် ကျယ်ဝန်းလို့

နယ်အစွန်း ဆုံးဆမတိုင်၊

ပြုံးလှလှမြိုင်၊

ဆုံးဘဝ ပြိုမယိုင်အောင်၊

နှစ်ကိုယ် ပိုင်ပိုင် ချစ်ကြစို့လေး။

"ကောင်းလိုက်တာမောင်ရယ်၊ အဲဒါ ဘာကဗျာခေါ်လဲ"

"အချစ်တရား အလေးအမြတ်ပြုတဲ့ သစ္စာထားတေးထပ်တစ်ခုပေါ့ မြတ်ရယ်"

မိုးကြိုး တောပုန်းစားပြပွဲဂိုဏ်းထဲရောက်ပြီး ၁၀ ရက်မြောက်သော တစ်ညနေခင်းဝယ် သူတို့စခန်းနှင့် အတော်ကွာသော မြိုင်ညိုအောက် စမ်းရေ အိုင်လေး နံဘေး၌ လှမြတ်စုနှင့် မိုးကြိုးသည် ချစ်တင်းနှောကြလျက်၊ မိုးကြိုးက သူရေးထားသော ကဗျာကို ချစ်သူအားဆက်သ၍ လှမြတ်စုက အထပ်ထပ်ဖတ်ကာ သဘောတွေ့မနော‌ခွေ့နေ၏။

"လှဘုရင့်သရဖူ၊ ကမ္ဘာ့အဆင့် သူမတူတယ်၊ ဇမ္ဗူ့တွင် စံရှားဆိုတော့ မောင့်ချစ်သူကို မောင်မြှောက်လွန်းရာ မကျဘူးလား မောင်ရယ်"

"ဒါ–မြှောက်တာမဟုတ်ဘူး မြတ်ရဲ့" အားလုံးက လှမြတ်စုအား 'စု' ဟု ခေါ်ကြသဖြင့် ချစ်သူအနေနှင့် ကွဲပြားအောင် 'မြတ်' ဟု ခေါ်မည်။ အခြားသူက 'မြတ်'ဟု မခေါ်စေရဟု နှစ်ယောက်တိုင်ပင်ထားကြသည်။ "မောင့်ရဲ့ အသည်းနှလုံးထဲမှ ခံစားချက်နဲ့ မောင့်ချစ်သူကို မောင့်စိတ်ထဲက ထင်တဲ့အတိုင်း ရေးလိုက်တာပဲ"

'ဇမ္ဗူ့တွင် စံရှားဆိုတာတော့ မဟုတ်နိုင်ပါဘူးမောင်ရယ်"

"အော်....ဘယ့်နှယ်မဟုတ်နိုင်ရမှာတုံး၊ လူတွေအဖို့ ကိုယ်ယုံကြည်ချက်ဟာ ကိုယ့်အမှန်တရားပေါ့။ ဗုဒ္ဓဘာသာတွေဟာ ဗုဒ္ဓဘာသာကိုယုံကြည်တော့ ဗုဒ္ဓဘာသာဟာ အမှန် တရားပဲ၊ ထိုနည်းလည်းကောင်း ခရစ်ယာန်တွေက ခရစ်ယာန်ဘာသာ ယုံကြည်တော့ ခရစ်ယာန်ဘာသာဟာ သူတို့အဖို့ အမှန်တရားပေါ့။ ဒီလိုပဲ မောင်ကလည်းမြတ်ကို 'အလှဘုရင် သရဖူ ကမ္ဘာ့အဆင့် သူမတူတယ် ဇမ္ဗူ့တွင် စံရှား' လို့ မောင်ကယုံကြည် နေတော့ မြတ်ဟာ မောင့်အဖို့ ကမ္ဘာ့အလှဧကရီပေါ့။ ကဲ မောင့်စိတ်ထဲမှာ

mgyoe.com

mgyoe.com


လေ ဒီလောကကြီးမှာ မြတ်လောက်လှတာ တစ်ယောက်မှ မရှိဘူးလို့ ထင်တယ်ကွာ။ ကဲ ဘယ်သူက ဘာပြောနိုင်ဦးမှာလဲ"

"မောင်နော် မောင်မောင် အားကြီးစကားတတ်တယ်"

"နဂိုကမတတ်ပါဘူး၊ ဟောဒီ မြတ်နဲ့ တွေ့တော့မှ ပြောစရာစကား၊ ဖွဲ့စရာစာလုံးတွေ တွေ့တွေ့လာ ထိုက်တာလေ"

"ဟုတ်လား မောင်ရာ"

"အဲသည် 'အလှပေါ် အလှဆင့်၊ လှဘုရင့် သရဖူ'ဆိုတဲ့ စကားလုံးကို လေ...မောင်စိတ်ထဲ ဘယ်တုန်းက ပေါ်လာသလဲ မြတ်သိရဲ့လား"

"ပြောပြပါမောင်"

"မောင်နဲ့မြတ် စတွေ့တဲ့နေ့လေ။ မြင်းစီးလာကြတော့ မောင့်ဓားနဲ့ ပစ်ပြီး မြတ်ဖေဖေကို ရှဥ့်ကတစ်ကောင်၊ မြတ်ဖို့က သစ်ခွပန်းတစ်ခက်ပေး လိုက်တော့ မြတ်က 'လှလိုက်တဲ့ သစ်ခွပန်းကြီးရှင်' ဆိုပြီး ခေါင်းမှာ ပန်လိုက်ပါရောလား။ အဲသည် အချိန်မှာ မြတ်ကိုကြည့်ရင်းနဲ့ 'အလှပေါ် အလှဆင့် လှဘုရင့်သရဖူ' ဆိုတဲ့ ကာရန်ဟာ သူ့ဟာသူ မောင့်စိတ်ကူးထဲ အလိုလိုပေါ်လာတာပဲ"

"မောင် ကဗျာ ဘယ်နှစ်မျိုးစပ်တတ်သလဲ"

"အားလုံး စပ်တတ်တယ်"

"ရတုတွေ၊ ဘောလယ်တွေကောလား"

"အဲဒါတွေကလွယ်ပါတယ်၊ ကဗျာသမားတစ်ယောက်ဟာ တေးထပ် စပ်နိုင်ပြီဆိုရင် ကျန်တာ ဘာမှမခက်တော့ဘူး"

"ဘာလို့လဲဟင်"

"တေးထပ်မှာ စာလုံးအရေအတွက်နဲ့ စာကြောင်းအရေအတွက်နဲ့ အသံ အနိမ့်အမြင့် ပုံသေနဲ့ ဆောင်သွင်းရေးရတယ်၊ လူတိုင်းသင်လို့ မတတ်ဘူး။ နို့ပြီး တစ်ခုရှိသေးတယ်။ ရတုပိုဒ်စုံ၊ အစညီ၊ အချညီ၊ ပါဒညီ၊ သပ်စေ့ နှက်သုံးချက်ညီ၊ အဲဒါလည်း ကဗျာဆရာတိုင်း မစပ်နိုင်ဘူး"

"ဘယ်လိုရတုလဲမောင်....၊ နမူနာ ပြောပြစမ်း"

"လက်ဝဲသုန္ဒရရဲ့ မဲဇာတောင်ခြေအစရှိတဲ့ရတုသုံးပိုဒ်ပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ် အဲဒီ ကဗျာဖတ်လို့ သိပ်ကောင်းတာပဲ"

mgyoe.com

mgyoe.com

"ကဗျာကောင်းတို့မည်သည် ဖတ်လို့ ကောင်းရမယ်၊ မှတ်လို့လွယ်ရမယ်၊ ဖတ်သူစိတ်ထဲစွဲပြီး အလွတ် ရသလောက်ရှိသွားရမယ်"

"အောင်မယ်....အဲဒီ မဲဇာတောင်ခြေရတုကို မြတ်အလွတ်ရတယ် ဆရာ"

"ဒါဖြင့် မြတ် ကဗျာ တော်တော်ဝါသနာပါတာပဲ"

"ပါတယ် မောင်၊ မြတ်ကို မောင် ကဗျာစပ်နည်းသင်ပေးပါ"

"မြတ်လိုချင်ရင် ရှုဝံကြယ်တောင် မောင်ကဆွတ်ပေးမှာပဲ၊ ဒီကဗျာစပ်တာလောက်တော့ ထည့်ပြောမနေနဲ့တော့"

"ကဗျာစပ်တာ သင်တဲ့လူတိုင်းကော တတ်ကဲ့လားဟင်"

"ဝါသနာပါရင် စပ်နည်းစပ်ပုံတော့ တတ်တာပေါ့လေ၊ သို့သော် သူစပ်တဲ့ကဗျာ ကောင်းမကောင်းတော့ သူ့ပါရမီမှာ တည်တာပေါ့လေ။ ကဗျာစာပေ အနုပညာဆိုတာက ပါရမီအလုပ်ပဲ"

"ဒီမှာ မောင်ရယ်....။ လက်ရုံးရည် နှလုံးရည် ကောင်းတဲ့ယောကျ်ားတွေဟာ စစ်မြေပြင်မှာလည်း ထင်ရှားတယ်၊ ကဗျာစာပေမှာလည်း ကျော်ကြားတာပဲနော်။ ကြည့်လေ....အခုနပြောတဲ့ လက်ဝဲသုန္ဒရအမတ်၊ နဝဒေး၊ လကျ်ာမင်းထင်၊ နတ်ရှင်နောင်၊ အနန္တသူရိယ သူတို့ဟာ တိုက်ပွဲမှာလည်း သတ္တိခဲတွေ"

"ဒီမှာ မြတ်ရဲ့၊ ကဗျာစာဆိုတွေဆိုရင် ကမ္ဘာမှာ ဒီလိုပဲ သတ္တိကောင်းကြတာချည်းပဲ"

"ဟုတ်မှာပါ။ အခု မောင့်ကိုပဲကြည့်ပေါ့"

"အောင်မာ မောင့်ကဗျာစာပေနဲ့ သတ္တိက ဘယ်လောက်များ ကောင်းသေးလို့လဲ"

"အခုမြတ်ကို စပ်ပေးတဲ့တေးထပ်နဲ့ ဟိုနေ့က ဗိုလ်ကျောက်တိုင်ကို ဆော်လိုက်တာကော"

"ဟား–ဟား–မောင့်ကဗျာနဲ့ သတ္တိကို ဒီလောက်နဲ့မချီးမွမ်းနဲ့ဦး၊ ဟိုနေ့က ဗိုလ်ကျောက်တိုင်နိုင်တာလည်း ဘာမှချီးကျူးစရာမရှိသေးပါဘူး၊ သူမောလို့ ရှုံးတာပါ"

"အို–မြတ်ချစ်တဲ့ သူကို မြတ်က ကမ္ဘာ့စာဆိုကြီး၊ ကမ္ဘာ့သူရဲကောင်း

mgyoe.com

mgyoe.com

ကြီးလို့ ယုံကြည်ယူဆတယ်ကွာ၊ ဘာဖြစ်သေးလဲ"

"ကဲ–ဘယ်သူက ဘာပြောဦးမလဲ"

မေးကလေးကို ကိုင်လိုက်၍–

"မြတ်နော်၊ မြတ်....မြတ်....စကားတတ်လာပြီ"

"ရွှေပင်နား ရွှေကျေး၊ ငွေပင်နားငွေကျေး ဆိုသလိုပေါ့။ မောင်နဲ့ ပေါင်းတော့ မောင့်လိုပဲတတ်ရမှာပေါ့"

"ဒါကြောင့် သိပ်ပြီးချစ်ဖို့ကောင်းတာကွာ"

"မောင်–မောင် အားရပါးရမွှေးစမ်းကွာ"

"ကဲကွာ....ကဲကဲ...."

"အား နားဦးကွာ မောင်ရာ၊ ကဲ မောင် မြတ်ကို ဘယ်တုန်းက စချစ်သလဲဟင်"

"မြင်မြင်ချင်းပဲဆရာ"

"တကယ်...."

"မြတ်ကို မြင်မြင်ချင်းချစ်တဲ့အချစ်မျိုး မောင့်မှာ ဟိုတုန်းက တစ်ခါမှ မပေါ်ခဲ့ဖူးသေးဘူး"

"ညာပါ ညာပါ"

"ဟင် မြတ်ကမယုံဘူး၊ ဒီလိုဆိုမပြောတော့ဘူးကွာ"

"အလကားပြောတာပါ မောင်ရာ–ယုံပါတယ်၊ ဆက်ပြော ဆက်ပြော"

"အဲသည်နေ့က မြတ်ဖေဖေကို မောင်ပြောတာ မြတ်မှတ်မိလား"

"ပြောပြပါမောင်ရယ်"

"ကျွန်တော့်မှာ ဒီဆန်အိတ် ၁၀၀၊ ပဲအိတ် ၁၀၀ ဖိုးပဲ ငွေအရင်းအနှီး ရှိတာ။ ဒါတွေပြုတ်ရင် ကျွန်တော် ဘာလုပ်စားတော့မလဲဆိုတာ အလကားပြောတာ၊ မြတ်ကို မြင်မြင်ချင်းမောင်မပြန်ချင်တော့ဘူး။ ဖူးစာနတ်ကပဲ ပြောလား မသိပါဘူးကွာ။ မြတ်ကလည်း မောင့်ကိုချစ်လိမ့်မယ်လို့ စိတ်ထဲက အလိုလိုသိနေတယ်"

"ဟုတ်မှာပဲ၊ မြတ်ကလည်း မောင့်ကို မြင်မြင်ချင်း ချစ်လိုက်မိတာပဲ ဆရာ၊ အများနဲ့မတူ ထူးခြားတဲ့ ဟောဒီ မေးစေ့အကွဲကြီးကို သဘောကျပြီးတော့"

mgyoe.com

mgyoe.com

မိုးကြိုး၏ ရှည်လျား ခိုင်ခံ့သော မေးရိုးမှာ ရှေ့တည့်တည့်မှ Dimlpe ခေါ် မေးစေ့အချိုင့်ရှိသည်။ ရုပ်ရှင်မင်းသား ကတ်ဒေါက်ကလပ်နှင့် ရော ဘတ်မစ်ချင်တို့ကဲ့သို့....

"မောင်ကရောမြတ်ကို မြင်မြင်ချင်း ဘာသဘောကျပြီး ချစ်တာလဲ ဟင်"

...."တစ်ကိုယ်လုံးကိုဗျ– ဟောဒီ ခြေသည်းဖျားကလေးကနေပြီး ဟောဒီ နဖူးဆံစအထိပဲ"

"မောင်ကတော့ ပိုသွားပြီကွာ"

"တကယ် တကယ်၊ အမှန်တော့ ဒီဆန်အိတ် ၁၀၀ နဲ့ ပဲအိတ် ၁၀၀ တည်းနဲ့ မြတ်ကိုမောင်ရတာ သိပ် ဈေးချောင်တာပဲကွာ"

"ဒါဖြင့် ထပ်ပေးဦး"

"ရော့၊ ရော့ မောင့်တစ်ကိုယ်လုံး ယူ–ယူ–ယူ"

"မြတ်ရေထဲကျသွားဦးမယ်မောင်ရဲ့။ ဒါနဲ့ မောင့်ကိုမေးရဦးမယ်၊ အဲဒီ တုန်းက မောင်က ပြောလိုက်တယ်လေ ဖေဖေ့ကို (ကျွန်တော့် ဆန်အိတ် တစ်ဝက်နဲ့ ပဲအိတ်တစ်ဝက်ကို ပြန်ပေးပါ၊ ကျွန်တော်ကသာမြို့မှာ သွား ရောင်းပါရစေ)လို့ ဆိုတယ်မဟုတ်လား။ တကတဲ အဲဒီတုန်းက ဖေဖေက ပေးလိုက်ရင်–"

"ဟားဟား ပေးမယ်မဟုတ်မှန်းသိလို့ ပြောတာမြတ်ရဲ့"

"ကဲ–ဖေဖေတကယ်ပဲ ဆန်အိတ် ၅၀၊ ပဲအိတ် ၅၀ ပေးမယ်ဆိုရင် ကော"

"တစ်ဆင့်တက်ပြီး အားလုံးရမှ သွားမယ်လို့ ပြောမှာပဲ"

"အားလုံးပေးရင်ကော"

"ဦးသမီးပါထည့်လိုက်မှ သွားမှာပဲ၊ ဦးသမီးကိုတော့ ကျွန်တော်မြင် မြင်ချင်းချစ်နေပြီ။ ဒါဟာ ဦးတို့က ကျွန်တော့်မော်တော်ကို သေနတ်နဲ့ ပစ်ပြီးခေါ်တဲ့အတွက်ပဲလို့ ပြောမှာပေါ့"

"ဒီတော့ဖေဖေက မောင့်ကိုသတ်မှာပေါ့"

"သတ်မယ်မထင်ဘူးမြတ်ရဲ့၊ ဘာကြောင့်ဆိုရင်သတ္တိကောင်းတဲ့လူဟာ သတ္တိရှိတဲ့လူကိုချစ်တယ်။ မောင်ကလည်း ဦးသမီးကို ကျွန်တော့်ပေးရင်ပေး

mgyoe.com

mgyoe.com

မပေးရင် ကျွန်တော့်သတ်ပစ်ပါပြောမှာပဲ"

"တကယ်"

"ဟုတ်တာပေါ့မြတ်ရဲ့၊ မြတ်နဲ့မှမောင် မပေါင်းရရင် မောင်ဘာဖြစ်လို့ လူ့ပြည်နေတော့မှာလဲ"

"တကယ်ပဲလား မောင်ရယ်"

"ယုံပါတော့ အချစ်ရယ်"

"ယုံပါပြီ မောင်ရယ်"

"အခု မောင်နဲ့ မြတ်ချစ်ကြတာကို မြတ်ဖေဖေသိပြီလား"

"ဖေဖေမသိတာ ဖေဖေခွင့်မပြုတာကို မြတ်ဘာမှမလုပ်ဘူး။ မြတ်အချစ်ကို မောင်စတောင်းတဲ့နေ့ကပဲ မောင့်ကို (မစောလွန်းဘူးလား) ပြန်ပြောလိုက်တဲ့နေ့ကပဲ ဖေဖေကိုပြောပြလိုက်တယ်"

"ဒီတော့သူဘာပြန်ပြောလဲ"

"အေး သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရမှာပေါ့၊ သမီးကကော သူ့ပြန်ကြိုက်သလားလို့ မေးတယ်"

"ဒီတော့မြတ်က ဘာပြန်ပြောလဲ"

"မအေမှမရှိတဲ့နောက် သမီးတစ်ခု ဖအေတစ်ခုဟာပဲ ရှင်းရှင်းနဲ့ ဘွင်းဘွင်းပဲမောင့်ကိုမြင်မြင်ချင်း ချစ်မိပါတယ်လို့ ပြောလိုက်တယ်"

"ဒီတော့ကော အဘိုးကြီးက ဘာပြန်ပြောလဲ"

"ဒီသူငယ် သတ္တိနဲ့ ဥပမိရုပ်ကို ဖေဖေလည်း သဘောကျတယ်လို့ပြောတယ်။ နို့ပြီးမောင့်ကို ဖေဖေ သဘောတူတာတစ်ချက်လည်း ရှိသေးတယ်"

"ဘာလဲ"

"အဲဒါတော့ ဖေဖေကမပြောနဲ့ဦးတဲ့"

"မြတ်ကလဲကွာ ကိုယ့်ချစ်တဲ့သူချင်းပဲ၊ လျှို့ဝှက်နေပြန်ပြီ"

"ဖေဖေ့စကားနားထောင်ရဦးမယ်လေ"

"အေး ဟုတ်တာပေါ့အလိမ္မာမလေးရယ်၊ ဒါနဲ့မြတ်မေမေဆုံးတာ ဘယ်တုန်းကလဲ"

"မနှစ်ကပဲ ကြာညှပ်အနီး တောထဲမှာနေတုန်းက ဖျားပြီးတော့ သေသွားတယ်။ မောင့်ပြောရဦးမယ် မြတ်နာမည်က အစဦး မြတ်စုတဲ့၊ မေမေ

mgyoe.com

သေသွားတော့မှ ဖေဖေက မအေနာမည် 'လှ' ကိုယူပြီးတော့ လှမြတ်စု လို့ တစ်လုံးတိုးပေးတယ်မောင်ရဲ့"

"အော် အဖိုးကြီးက သူ့ဇနီးတော်တော်ချစ်ဟန်တူရဲ့"

"သိပ်ချစ်တာပဲမောင်ရယ်....၊ မောင်ကလည်း ဖေဖေက မေမေ့ကို ချစ်သလို မြတ်ကို ချစ်ပါနော်"

"မောင်နဲ့ မြတ် တွေ့ရပုံဟာ ဘယ်လောက်အံ့သြစရာကောင်းသလဲ မြတ်မေမေ့ကို မြတ်ဖေဖေက ချစ်တာထက်ကို မောင်က ပိုချစ်မှာပဲ မြတ်ရယ် စိတ်ချပါ"

"ဝမ်းသာလိုက်တာမောင်ရယ်"

"ဒါနဲ့မြတ်ရေ ၅ နာရီထိုးတော့မယ်၊ မောင်တို့ရေချိုးရအောင်ကွာ။ စမ်းရေအိုင်ကလေးကလည်း ရေကူးချင်စရာပဲ။ မြတ်မှာရေကူးဝတ်စုံပါခဲ့ရဲ့လား"

"ပါတာပေါ့၊ မောင့်ကို မြတ်ဘော်ဒီလည်းပြချင်လို့ တမင် ဒီနေရာ မောင့်ကိုခေါ်ခဲ့တာပဲ၊ ကဲ ထ၊ မောင် ဟိုဘက်ခဏလှည့်နေစမ်း"

မိုးကြိုးသည် ချစ်သူကျောခိုင်းပြီး သူ့ရှပ်အင်္ကျီနှင့် ဘောင်းဘီရှည်ကို ချွတ်လိုက်သည်။ သူ့မှာ အတွင်းခံဘောင်းဘီလေးသာ ကျန်တော့သည်နှင့် မြတ်က....

"ကဲ မောင်ဒီဘက်ပြန်လှည့်တော့ ကြည့်စမ်း မြတ်ဘော်ဒီကို"

"အောင်မယ်လေး၊ ရွှေလိုဝင်းဝါသော အသားရောင်နှင့် ဟောလိဝုဒ် ရုပ်ရှင်မင်းသမီးချောကဲ့သို့ အချိုးစားပြေပြစ်ချောမောလှပချေစွာတကား"

သူ့အား ငေးစိုက်ကြည့်နေသော ချစ်သူကိုပြုံးပြ၍...

"မောင် မျက်တောင်ခတ်ပါဦး၊ ဒါမောင့် ပစ္စည်းပါပဲ မောင်ရဲ့"

မောင်မိုးကြိုးမှာ "အောင်မယ်လေး" ဟု အော်မြည်မိကာ မြတ်ကိုယ်ကို အားရပါးရ ပွေ့ဖက်နမ်းရှုံ့လေသည်။

"သိပ်မညှစ်နဲ့နော်၊ မြတ် အသက်ရှူကျပ်တယ်မောင်။ လွှတ်ဦးမောင်ရယ်"

မိုးကြိုးကား စကားမပြောနိုင်တော့ပေ။

"မြတ်က တောထဲမှာနေပေမဲ့ ကျန်းမာရေးအမြဲလေ့ကျင့်တာ၊ မြတ်ဘော်ဒီကလေး ၃၇-၂၄-၃၈ ဆရာ"

mgyoe.com

မိုးကြိုးမှာ ရင်သပ်ရှုမောလျက်။

"အောင်မယ်လေး၊ တောထဲမှာ မြတ်နေရလို့ အပျိုဘဝနဲ့ မောင်တွေ့ရတာပါလားနော်"

"မြို့မှာဆိုရင် မြတ် ဘာဖြစ်မှာလဲမောင်"

"ဒီလောက်လှတဲ့သူဟာ အပျိုသက် ဘယ်ရှည်တော့မှာလဲ"

"အောင်မယ်လေး။ ဒါကမြတ်သဘောပါ။ ဒီတောထဲမှာလည်း မြတ်ကို ချစ်ရေးဆိုကြတဲ့လူတွေအပုံ"

"ဟုတ်လား ဘယ်သူတွေလဲ"

"လူပျိုလူရွယ်တိုင်းပဲပေါ့။ ဒီထဲအသဲဆုံးက ဗိုလ်ကျောက်တိုင်။ မြတ်ကို သူပြောမရတော့ ဖေဖေ့ကိုတောင် သူကနားဖောက်နေသေးတယ်။ ဖေဖေက ငါ့သမီးသဘောကွတဲ့။ သူက ဖေဖေလက်ရုံးမို့ တစ်နေ့တော့ သူနဲ့ ပေးစားလိမ့်မယ် အောက်မေ့နေတာ"

ယင်းအခိုက် မြင်းခွာသံများကြားရပြီး ဟိုက် ဗိုလ်ကျောက်တိုင်တို့လူ သိုက်ပေါင်း ၄ ယောက်ရောက်လာကြသည်။

ဗိုလ်ကျောက်တိုင်သည် မိုးကြိုးနှင့် လှမြတ်စုတို့ပုံသဏ္ဍာန်မြင်ရသည်၌ ယမ်းပုံမီးကျဒေါသထွက်ကာ...

"အော် ဒီအခြေတောင် ရောက်နေမှကိုး" ဟု ပြောကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

❑

mgyoe.com

mgyoe.com

# အခန်း(၅)

## သတ္တိပြပွဲ

မိုးကြိုးက အေးဆေးစွာပင် မျက်နှာချင်းဆိုင်၍ –

"အော ဗိုလ်ကျောက်တိုင်၊ ခင်ဗျားက အခု သက်လုံကောင်းအောင် ပြန်လေ့ကျင့်ပြီးလို့ ကျွန်တော်နဲ့ ပြန်ထိုးတော့မှာလား။ ကျုပ်ကလည်း အဆင်သင့်ပါပဲဗျာ"

သို့သော် မိုးကြိုးထင်သကဲ့သို့ မဟုတ်ပေ။ ဗိုလ်ကျောက်တိုင်က မျက်ရိပ်ပြလိုက်သည်နှင့် သူ့တပည့်စံဖဲနှင့် သံခဲတို့သည် မိုးကြိုးအားနောက်မှဖမ်း၍ ချုပ်ပေးသည်၌ ဗိုလ်ကျောက်တိုင်သည် မိုးကြိုး၏ဝမ်းဗိုက်၊ မေးရိုးတို့ကို အားရပါးရကြီး ထိုးတော့လေ၏။

အငိုက်ခံရခြင်းဖြစ်လေရာ လှမြတ်စုက –

"ဟင် ရှင်တို့ဘယ့်နှယ် မတရားလုပ်ကြတာလဲ၊ ဖေဖေသိရင် ဘာဖြစ်မယ်ထင်လဲ"

"ဘာဖြစ်ဖြစ်" ဆိုပြီး ဗိုလ်ကျောက်တိုင်သည် သဲကြီး မဲကြီးနှင့် တ

mgyoe.com

mgyoe.com
ဖုတ်ဖုတ် တခွပ်ခွပ်ထိုးနေလေရာ လှမြတ်စုသည် ခုမှ ရုတ်တရက် သတိရပြီး မိုးကြိုးချုတ်ထားသော ဘောင်းဘီရှည် ခါးပတ်မှာချိတ်ထားသည့် သူ၏နှစ်ဖက်သွားသန်လျက်ဓားကို ယူပြီး ဗိုလ်ကျောက်တိုင်နောက်ကျော ကို ပေါက်မည်အပြု စံဖဲက –

"နောက်မှာဓား" ဟု အော်လိုက်သည်၌ ဗိုလ်ကျောက်တိုင်သည် ပြန်လှည့်ပြီး လှမြတ်စုဓားကိုင်ထားသောလက်ကို ဖမ်းလိမ်လိုက်သည်။ ဓားအောက် လွတ်ကျသွားပြီဖြစ်တော့ လှမြတ်စုသည် ဗိုလ်ကျောက်တိုင်လက်မောင်းကို ကုန်းကိုက်သည်။ ဗိုလ်ကျောက်တိုင်မှာ ချစ်မုန်းမာန်နှင့် မစားရတဲ့အမဲ သဲနှင့်ပက်တော့မည့်သဘော ရုတ်တရက်ပေါ်လာပြီး လှမြတ်စုပါးကို တအားရိုက်လိုက်သည်။ လှမြတ်စုပါးစပ်မှ သွေးထွက်၍ လဲကျသွားသည်။

မိုးကြိုးသည် ချစ်သူဖြစ်အင် မြင်ရ၍ တအား ရုန်းပါသော်လည်း စံဖဲနှင့် သံခဲတို့မှာ အလွန်အားကောင်းကြသူများ ဖြစ်ကုန်၏။

ဗိုလ်ကျောက်တိုင်သည် မိုးကြိုးကို စိတ်ကြီး မာန်ကြီးနှင့် ဆက်လက်ထိုးပြန်တော့၏။

ဤအချိန်မှာ လှမြတ်စုရုတ်တရက်သတိရလေသည်။ သူ့အဖေမှတစ်ပါး အခြားအားကိုးရာမရှိတော့ပေ။ ထို့ကြောင့် သူလဲရာမှ ရုတ်တရက်ထပြီး ရေကူးဝတ်စုံနှင့် မြင်းတစ်စီးပေါ်လွှားကနဲခွပြီး တအားစိုင်းလေတော့သည်။

ယင်းကို ဗိုလ်ကျောက်တိုင်မြင်တော့ သူ့တပည့်တစ်ယောက်အား...

"ဟေ့ ဒီလှိုင်း။ တို့ဒီကောင့်ကိုဆုံးမမပြီးခင် ကောင်မလေးကို သူ့အဖေဆီ မရောက်စေနဲ့။ လိုက်လိုက် မြန်မြန်လိုက်ဖမ်း"

ဒီလှိုင်းသည် မဆိုင်းခဏပင် မြင်းပေါ်ခုန်တက်၍လိုက်လေ၏။

နောက်မှ မြင်းခွာသံကြားရ၍ လှမြတ်စုက လှည့်ကြည့်သည်။ ဒီလှိုင်း လိုက်လာမှန်းသိပြီ။ ပေ ၂၀၀ လောက်တော့ အကျောရနေသည်။ သို့ရာတွင် ယောကျ်ားနှင့် မိန်းမသား၊ သူ့အဖေရှိရာစခန်းကား တစ်မိုင်မျှ....

လှမြတ်စုသည် မိန်းကလေးပေမဲ့ မြင်းစီးမညံ့ပါ။ သို့သော် တစ်ခုအခက်ကြုံရသည်ကား သူ့တွင်မြင်းရိုက်ကြိမ်မပါခဲ့။ ဒီလှိုင်းက မြင်းရိုက်ကြိမ်နှင့်မို့ တအားရိုက်လိုက်လာသည်။ လှမြတ်စုမှ သူ့မြင်းကို ဇက်ကြိုး
mgyoe.com

mgyoe.com
များနှင့်သာပုတ်ခတ်နိုင်သည်။ နို့ပြီး မိမိစီးနေကျမြင်းလည်းမဟုတ်။

သို့နှင့် တစ်စတစ်စ ဒီလှိုင်းမြင်းသည် လှမြတ်စုမြင်းနှင့် နီး၍နီး၍ လာခဲ့ရာ စခန်းရောက်ရန် မိုင်တစ်စိတ်မျှအလို၌ တောအုပ်တစ်ခုထဲမှာ မြင်းချင်းယှဉ်မိ၍ ခဏအတွင်းမှာ ဒီလှိုင်းမြင်းသည် လှမြတ်စုမြင်းကို ရှေ့မှပန်းပြီး ဇက်ကြိုးကိုဆွဲလေတော့သည်။

မြင်းနှစ်ကောင် ထွေးလုံးထွေးလုံးနှင့် အပြေးရပ်တော့ လှမြတ်စုသည် မြင်းပေါ်ကခုန်ဆင်းပြီး စခန်းရှိရာပြေးသည်။ ထိုအခါ ဒီလှိုင်းလည်း မြင်းပေါ်မှခုန်ဆင်းပြီး လှမြတ်စုကိုလိုက်ဖမ်း၊ ယောကျ်ားနှင့် အမျိုးသမီးပဲ၊ မကြာမီဖမ်းမိတော့ လှမြတ်စုကို ငမ်းရင်းစွဲရှိခဲ့သော ဒီလှိုင်းသည် ထိုအခြေမှာ ရေကူးဝတ်နှင့်မို့ အသားရွှေဝါရောင် တစ်တုံးတစ်ခဲ တစ်တစ်ရစ်ရစ်ကြီးရှိနေသော လှမြတ်စုကိုယ်ကို နောက်မှဖြစ်လိုရာဖြစ်စေတော့ဟု သူ့စိတ်သူမချုပ်တီးနိုင်တော့ဘဲ အတင်းပွေ့ဖက်ကာ မြက်ခင်းပေါ်သို့ တွန်းလှဲလိုက်တော့၏။

ယင်းသို့သောအချိန်မှာပင် သူ့ချစ်သူမောင်တော်မှာလည်း မရှုမလှခံနေရပါသည်။ အခဲမကျေသော ဗိုလ်ကျော်တိုင်သည် နှစ်ယောက်ချုပ်ပေးထားသော မိုးကြိုးအား ထိုး...ထိုး အားရပါးရထိုး၊ ဝမ်းဗိုက်ကိုထိုး၊ မေးရိုးကိုထိုး၊ မျက်နှာကိုထိုး၊ နားတွေကိုထိုး။

အမျိုးမျိုးကျိန်ဆဲကာထိုး၍ မိုးကြိုး သူ့ကိုယ်သူမစုနိုင်တော့ဘဲ အရုပ်ကြိုးပြတ်လဲကျသွားပြီး သတိမေ့သွားတော့မှ မြေကြီးပေါ်လွှတ်ချလိုက်ပြီး ကျေနပ်အားရစွာနှင့် သုံးယောက်သား ဝိုင်းကြည့်နေကြ၏။

သို့သော် ခံထားရဖူးသော ဗိုလ်ကျော်တိုင်သည် ဒီမျှနှင့် မတော်ချင်သေးပေ။

"ငါ့ကိုအနိုင်ထိုးသွားတဲ့ ဒီကောင့်လက်သီးတွေကို ငါဖျက်ဆီးပစ်မယ်ကွ" ဆိုပြီး "ဟေ့ စံဖဲ၊ ဒီကောင်သတိမေ့ပြီး ဖိမ်တွေ့မနေစေနဲ့ ရေနဲ့ပက်ပြီး သတိရအောင်ပြန်လုပ်စမ်းကွာ"

စံဖဲသည် သူ့ဦးထုပ်နှင့်ရေတွေခပ်ပြီး မိုးကြိုး၏မျက်နှာပေါ်လောင်းချလိုက်တော့ မိုးကြိုးမွမ်းပြီး သတိရလေတော့သည်။

ထိုအခါ ဗိုလ်ကျော်တိုင်က–
mgyoe.com

mgyoe.com

"ဟော့ စံဖဲနဲ့ သံခဲ၊ ဒီကောင်ကိုရေစပ်ကိုဆွဲသွားပြီး သူ့လက်နှစ်ချောင်းကို ဟိုကျောက်တုံးကြီးပေါ်တင်လိုက်စမ်းကွာ"

တပည့်နှစ်ယောက်သည် ဆရာခိုင်းတဲ့အတိုင်းပြုသည်။ မိုးကြိုးမှာ ဘာမျှမတတ်နိုင်၊ ပြုသမျှခံရသည်။

ဝမ်းလျားမှောက်နေသော မိုးကြိုး၏လက်ခုံနှစ်ခုကို ကျောက်တုံးပေါ် ကျကျနနတင်ပြီး ဗိုလ်ကျောက်တိုင်သည် –

"ကဲ ငါ့ထိုးခဲ့တဲ့ နင့်လက်ဖဝါးတွေ အရိုးကျိုးရောလဟာ" ဆိုပြီး သူ့သံခွာတပ်စစ်ဖိနပ်ကြီးနှင့် ဘယ်ပြန်ညာပြန် တအားပေါက်တော့၏။

သို့သော် မိုးကြိုးက အော်ဟစ်ညည်းညူခြင်း တစ်ချက်မပြု၊ မီးဝင်းဝင်းတောက်သော မျက်လုံးများနှင့်သာ မော့မော့ကြည့်နေသည်။

ဒါကိုမြင်တော့ ဗိုလ်ကျောက်တိုင်က လာပြန်သေးသည်။

"အောင်မာ ဒီမျက်လုံးတွေကြောင့် ငါကြံရွယ်ခဲ့တဲ့ စပယ်ကုံးလေး သင်းမြင်ပြီး ငါ့အချစ်ဆုံးရှုံးရတာကိုကွ၊ သင်းမျက်လုံးတွေဖောက်ပစ်မယ်။ သံခဲ ဒီကောင့်ပက်လက်လှန်၊ သူ့ရင်ဘတ်ပေါ်ခွထိုင်ထား။ စံဖဲက ဟိုကောင်မလေး လက်ကလွတ်ကျသွားတဲ့ သူ့စားသွားယူစမ်း၊ သူ့စားနဲ့ပဲ သူ့မျက်စိနှစ်လုံး ဖောက်ပစ်ရမယ်"

တပည့်နှစ်ယောက်သည် ဆရာခိုင်းတဲ့အတိုင်း ပြုလုပ်ကြသည်။ သို့ရာတွင် ဗိုလ်ကျောက်တိုင်သည် မိုးကြိုးမျက်လုံးကိုဖောက်တော့မည်ဟု စားအရွယ်လိုက်တွင် –

ဒိုင်းကနဲဟူသော သေနတ်သံကြီးနှင့်

"ဟော့ ရပ်လိုက်" ဟူသော ဗိုလ်သံလက်သီး၏ အောင်မြင်ခန့်ညားသော အသံကြီး။

အကြောင်းမှာ –

ဒီလှိုင်းနှင့် လှမြတ်စုတို့ မြက်ခင်းပေါ်တွင် ထွေးလုံးနေကြသည်ကို ပြန်စရမည်။

လှမြတ်စုသည် အတင်းတွန်းလှန်ခုခံပါ၏။ သို့သော် မိန်းမသားနှင့် ယောကျ်ားအားပဲ၊ အတော်ကြာလာတော့ လှမြတ်စုမောလာပြီး အလျှော့ပေးရတော့မည်ဖြစ်သောအခါ စိတ်ပျော့သွားကာ "ဖေဖေရေ၊ သမီးမကယ်

mgyoe.com

mgyoe.com
နိုင်တော့ဘူးလား” ဟု ညည်းညူလိုက်သည်နှင့် တစ်ချိန်တည်းမှာပင် အပေါ် စီးရနေသော ဒီလှိုင်း၏အင်္ကျီကုပ်ပိုးကိုဆွဲမလိုက်ပြီး ဉသျှစ်သီးလုံးလောက် ကြီးသောလက်သီးကြီးသည် ဒီလှိုင်းအားတစ်ချက်တည်းနှင့် ကိစ္စပြီးသွား ပေတော့၏။

“ဟင် သမီးဘာဖြစ်တာလဲ”

“ဖေဖေ နင့်ပြောနေဖို့ အချိန်မရှိဘူး၊ လာ…လာ မြင်းပေါ်တက်” ဟု ဆိုပြီး အနီး၌ရှိနေကြသော မြင်းနှစ်ကောင်ကို သားအဖနှစ်ယောက်ဒုန်း စိုင်းလာခဲ့ကြခြင်းဖြစ်ပေ၏။

ဗိုလ်သံလက်သီးသည် သေနတ်တစ်လက်နှင့် ငှက်ပစ်ထွက်ခဲ့ရင်းဖြင့် သမီးကြမ္မာဆိုးနှင့် မိုးကြိုး၏အဖြစ်ဆိုးကို ကယ်မနိုင်ခြင်းဖြစ်ပေတော့သည်။

မိုးကြိုးမျက်လုံးကိုဖောက်တော့မည်ဟု စားနှင့်ရွယ်နေသော ဗိုလ်ကျောက် တိုင်သည် ဗိုလ်သံလက်သီး၏သေနတ်သံနှင့် အမိန့်ပေးသံကိုကြားရသော် ငယ်ကြောက်ဖြစ်နေ၍ မိုးကြိုးအနီးမှ ငေါက်ကနဲထပြီးနောက် ဆုတ်လိုက် မိလေ၏။

ဤတွင် လှမြတ်စုသည် မြင်းပေါ်မှဆင်းပြေးလာကာ မိုးကြိုးကိုပွေ့ ထူသည်။ မိုးကြိုးသည် သွေးသံရဲရဲ မျက်နှာနှင့်ချစ်သူကိုပြုံးပြသည်။

“မောင် မောင်၊ အမယ်လေး လက်ဖဝါးတွေလည်း ကွဲကြေနေပါရော လား”

“ကိစ္စမရှိပါဘူး မြတ်ရယ်။ မောင်အသက်မသေသေးဘူး၊ ဒီလက်တွေ ပြန်ကောင်းလာဦးမှာပါ”

ဗိုလ်သံလက်သီးလည်း မြင်းပေါ်ကဆင်းကာ....

“ဟေ့ကောင်တွေ မင်းတို့ငါ့ကိုခုခံမလား”

“မခုခံပါဘူးဗိုလ်ကြီး၊ မခုခံပါဘူး ဗိုလ်ကြီး” ဟု အသီးသီးပြောကြ ပြီး ကိုယ်ကလေးတွေယို့ကာ မတ်တပ်ရပ်နေကြသည်။

“ဒါဖြင့် ဘယ်သူအရက်ပါသလဲ ပေးစမ်း”

စံဖဲသည် သူ့မြင်းကုံးနှီးမှာချိတ်ထားသော ဂျပန်စစ်ရေဘူးကိုဖြုတ်ပေး သည်။

ဗိုလ်သံလက်သီးသည် ဤအရက်ဘူးယူပြီး မိုးကြိုးဆီသွားကာ ဒဏ်
mgyoe.com

ရာများကို အရက်နှင့်လောင်းပေးသည်။ မိုးကြိုးကိုလည်း သောက်စေသည်။ မိုးကြိုးထူထူထောင်ထောင်ရှိလာသောအခါ ချစ်သူဇောနှင့်မွှန်နေသော ရေကူးဝတ်နှင့် လုမြတ်စုအား ဖအေကြီးက –

"ဟဲ့ သမီး ထဘီအင်္ကျီကော" ပြောလိုက်တော့မှ လုမြတ်စု ရှက်စိတ်ပေါ်လာကာ ထိုင်ရာမှထပြေး၍ စမ်းအိုင်ဘေးတွင် ချွတ်ထားခဲ့သော ထဘီအင်္ကျီတို့ကို သွားဝတ်ရ၏။

မိုးကြိုးသည် ထ၍လမ်းလျှောက်သည်။ ခြေတွေလက်တွေ မြှောက်ပင့်လှုပ်ရမ်းကြည့်သည်။ သူ့အားသူ စမ်းကြည့်သည်။ အားကတော့ ပြန်ပြည့်လာပါသည်။ သို့သော် သူ့လက်သီးများကား ဆုပ်မရတော့ပါ။ သံခွာဖိနပ်နှင့် ကျောက်တုံးပေါ်တွင် ဆောင့်ထားသောကြောင့် သွေးရဲရဲနှင့် လက်ခုံတွေ ကွဲ၍ လက်ဝါးပြန့်ပြန့်ကြီးစန့်နေ၏။ လက်မောင်းတော့ ကွေးလို့၊ ဆန့်လို့ရသည်။ ယင်းသည်ပင် သူအားတက်သွား၏။

ဗိုလ်သံလက်သီးသည် ဗိုလ်ကျောက်တိုင်ကို စစ်ဆေးသောအခါ အမှန်အတိုင်းဘဲ ပြောပြ၏။ မိုးကြိုးရောက်သည့်နေ့က သူ့အားအနိုင်ယူ၍ အရှက်ခွဲရုံမက သူမျှော်မှန်းခဲ့သော လုမြတ်စုကိုလည်း မိုးကြိုးရင်ခွင်ထဲမှာ တွေ့ရသောအခါ မခံမရပ်နိုင်လွန်း၍ ဤသို့လုပ်မိသည်ဟု ပြော၏။

သို့သော် ဗိုလ်သံလက်သီးက ရွံ့ရှာစက်ဆုပ်စွာနှင့်....

"တစ်ယောက်နဲ့တစ်ယောက် သည်းမခံနိုင်ရင် ရန်မရှာရဘူးလို့တော့ မင်းတို့လူငယ်တွေကို ငါမတားမြစ်ပါဘူး။ ဒါပေမဲ့ တစ်ယောက်တည်းကို နှစ်ယောက်ချုပ်ပေးပြီးတော့ ညှဉ်းဆဲတယ်ဆိုတာကတော့ ယောကျာ်းကောင်းတို့ရဲ့ အလုပ်မဟုတ်ဘူး။ သူရဲဘောကြောင်တဲ့ ယုတ်ညံ့တဲ့လူစားအလုပ်၊ ဗိုလ်ကျောက်တိုင် မင်းကိုငါဟိုတုန်းက ဒီလိုလူစားလို့ မထင်ခဲ့ဘူးကွာ" ဟု ဝမ်းနည်းသံနှင့်ပြော၏။

ထိုအခါမှ ဗိုလ်ကျောက်တိုင်က...

"ကျွန်တော်မှားပါတယ် ဗိုလ်ကြီး၊ ကျွန်တော့်ကို ဗိုလ်ကြီး ကြိုက်သလိုဆုံးမပါ"

"မင်းကို ငါဘယ်လိုဆုံးမရမလဲတောင် မသိတော့ဘူး"

ဤတွင် သူ့အားသူချိန်ဆနေသော မိုးကြိုးက

mgyoe.com

mgyoe.com

"ဗိုလ်ကြီး သူ့ကိုကျွန်တော်ဆုံးမပါရစေ၊ အခုပဲ ကျွန်တော်သူ့ကို ဆုံးမပါမယ်"

လက်ဝါးလက်ခုံမှာ သွေးသံရဲရဲနှင့် လက်သီးမှမဆုပ်နိုင်သော မိုးကြိုးကို အားလုံးက ဝိုင်းကြည့်ကြ၍ နားမလည်နိုင်အောင် ဖြစ်နေစဉ် မိုးကြိုးက ဆက်လက်၍....

"သူနဲ့ ကျွန်တော် အခုပဲတစ်ယောက်ချင်း သတ်ပါမယ်"

ဗိုလ်သံလက်သီးက....

"မင်းအခု လက်သီးမှ ဆုပ်နိုင်လို့လား၊ လက်ချောင်းတွေမှ လှုပ်နိုင်လို့လား"

"မလိုပါဘူး၊ ဒီလိုအကောင်စားကို ကျွန်တော့်လက်သီးနဲ့ မဆုံးမပါဘူး။ ဘာနဲ့ဆုံးမမယ်ဆိုတာ ဗိုလ်ကြီးစောင့်ကြည့်ပါ။ ကဲလာဟေ့ ဗိုလ်ကျောက်တိုင် ရှေ့ထွက်ခဲ့"

လှမြတ်စုသည် ချစ်သူအနားကပ်လာ၍–

"ဖြစ်ပါ့မလား မောင်ရယ်"

"မစိုးရိမ်နဲ့ မြတ်။ သတ္တိဆိုတာက ကိုယ်ကနိုင်ရမယ်လို့ သတ်ဝံ့ ပုတ်ဝံ့တာမျိုးကို သတ္တိအစစ်မခေါ်ဘူး၊ ရှုံးလည်းအသေခံမယ်ဆိုတာမျိုးမှ သတ္တိအစစ်" ဟု ပြောပြီး ဗိုလ်ကျောက်တိုင်အား...

"ကဲ လာပါကိုယ့်လူရာ" သူ့လက်ဝါးကားကားကြီးနှစ်ခုကို လှုပ်ပြ၍ "ဒီမှာမင်းညှဉ်းဆဲထားတဲ့ဒဏ်ရာတွေနဲ့ မင်းကအလေးသာပြီးသားပါ"

ဗိုလ်ကျောက်တိုင် ခပ်အင်အင်ဖြစ်နေရာ စံဖဲနှင့် သံခဲက သူတို့ဆရာအတွက် ရှက်လာ၍လား မြင်ပြင်းကတ်လာ၍လားမသိ၊ ဗိုလ်ကျောက်တိုင်ကို နောက်မှ အတင်းတွန်းထုတ်လိုက်တော့၏။

ဤပွဲ၌ကား မိုးကြိုးသည် ရန်သူကို ထိုးကွက်မရှိ၊ ရန်သူ၏ လက်သီးချက်များကိုသာ ရှောင်ရသည်။ လက်မောင်းများကို မြှောက်ကာ ကာကွယ်ရသည်။ ခေါင်းကို ဘယ်ညာတိမ်းကာငုံ့ကာ ရှောင်ရသည်။ တစ်ခါတစ်ခါ သူ့လက်သီး မဆုပ်နိုင်သည်ကို မေ့ကာ လှမ်းထိုးလိုက်မိတော့ သူ့လက်ဝါးမှာ ရန်သူ့အသားနှင့်ထိရုံမျှပင် နာကျင်လှသည်။ ဒီတော့ သူလက်ခါနေရသည်ကိုမြတ်သည် မကြည့်ရက်။

mgyoe.com

mgyoe.com

ဒီလိုဖြင့် သူဘာကြောင့် ဗိုလ်ကျောက်တိုင်ကို စိန်ခေါ်ပါသနည်း။ ပွဲကြည့်ပရိသတ် အစဉ်းစားရကျပ်နေစဉ်မှာပင် အထက်ပိုင်းကိုသာ ဂရုစိုက်ထိုးသတ်နေသော ဗိုလ်ကျောက်တိုင်သည် အောက်မှမြှောက်လာသော မိုးကြိုးဒူးက သူ့ရင်ဝဆောင့်မိ၍ နောက်လန်အသွားမှာ မိုးကြိုးသည် လက်နှစ်ချောင်းနောက်ရုပ်ပြီး တစ်ဟုန်ထိုးဒိုင်ဗင်ဖြင့် သူ့ခေါင်းနှင့် ဗိုလ်ကျောက်တိုင်ရင်ဝကို တအားဆောင့်လိုက်ရာ ဗိုလ်ကျောက်တိုင် နောက်ပက်လက်လန်ကျကာ မေ့မြောသွားလေသတည်း။

ပွဲပြီးလေပြီ။

ဗိုလ်သံလက်သီးသည် မိုးကြိုးကို အလွန်သဘောကျလျက်–

"ဒါမှ ငါ့သားကွ" ဟု ဩဘာပေးလိုက်ရာ လှမြတ်စုမျက်နှာလေးသည် ဝင်းထိန်သွားလျက် သူတို့နှစ်ယောက် ချစ်တင်းနှောစဉ်က ရေကူးခါနီး ချွတ်ထားခဲ့သော မိုးကြိုး၏ဘောင်းဘီနှင့် အင်္ကျီကိုယူ၍ ဝတ်ပေးလေ၏။

အပြန်ခရီး၌ကား ဗိုလ်သံလက်သီးသည် ယခုထဘီနှင့် ဖြစ်နေသော သူ့သမီးအား မြင်းပေါ်မှ တင်ပါးလွှဲထိုင်စေပြီး မြင်းဇက်ကြိုးကိုကိုင်စေသည်။ လက်ချောင်းတွေမဆုပ်နိုင်မကိုင်နိုင်ဖြစ်နေသော မိုးကြိုးအား လှမြတ်စုနောက်မှ ခွထိုင်စေပြီး မိုးကြိုးက မြတ်ကိုယ်ကိုထိန်း၍ မြတ်က မြင်းဇက်ကို နှင်သည်။

❑

mgyoe.com

# အခန်း(၆)

## တောပုန်းစခန်း

သားရဲကင်း၍ တောလည်းသာ၏၊ ရွာများနှင့်လည်းဝေး၏။ ချောင်းမြောင်းရေအိုင်လည်းရှိ၏။ မြက်ခင်းလွင်ပြင်လည်းနီး၏။ ဤဌာနတွင် ကျောစီးမြင်းများ၊ ဝန်တင်လားများရှိသော ဗိုလ်သံလက်သီးတို့၏ တောပုန်းစခန်းသည် ရွက်ထည်တဲများ၊ သက်ငယ်တဲများနှင့် တည်ရှိနေ၏။

ထိုအချိန်သည် ဒုတိယကမ္ဘာစစ်ကြီးပြီးပြီမို့ မဟာမိတ်တပ်တို့မှ မလိုတော့ပြီဖြစ်သော မြင်းများ၊ လားများ၊ ရွက်ထည်တဲများကို ထုတ်ရောင်းသဖြင့် ဗိုလ်သံလက်သီးတို့က ဖြစ်တဲ့နည်းနှင့်ရအောင်ယူထားသည်။ ဤစစ်တပ်တို့မှ လက်နက်ခဲယမ်းမီးကျောက်များလည်း ရသဖြင့် ဗိုလ်သံလက်သီးတို့တပ်မှာ ယခင်ဂျပန်ခေတ်ကထက် အင်အားကောင်းနေ၏။

သူတို့တပ်သည် ဤသို့မြိုင်လယ်၌ စခန်းချလျက်ရှိသော်လည်း အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၊ မြို့များနှင့်လည်း အဆက်အသွယ်မပြတ်ချေ။ ထိုရွာများ မြို့များတွင် လူခံများ၊ ကင်းထောက်များရှိ၏။ ကူးသန်းဆက်

mgyoe.com

mgyoe.com

ဆံမှုလည်း ရှိ၏။

ယခု သူတို့စခန်းချနေသည်မှာ ကသာခရိုင်အတွင်း ရောက်ရှိနေသည်ဖြစ်၍ ကသာရဲဌာနက သူတို့ကိုနှိမ်နင်းရန် တာဝန်ကျနေပေသည်။ ထို့ကြောင့် ကသာမြို့မှာလည်းကောင်း၊ ကသာခရိုင်အတွင်း ရဲဌာနရှိသော အင်းရွာမှာလည်းကောင်း၊ ထီးချိုင့်မှာလည်းကောင်း ကင်းထောက်များထားရှိရသည်။ အထူးသဖြင့် ကသာမြို့မှာမူ ရဲဘက်မှာပင် ကိုယ့်လူသူ့ဘက်သားဖြစ်အောင် ဆောင်ကြဉ်းထားရသည်။ ဖောက်ပြခဲ့သည့်အတိုင်း ဗိုလ်သံလက်သီးတို့ လက်ထဲမှာ စိန်ရွှေရတနာများ အတော်ရှိနေသည်ဖြစ်၍ အချို့ကို ထုခွဲရောင်းချပြီး ကသာမြို့မှာ (ထိုစဉ်က) ပုလိပ်ဘက်လာဘ်ထိုး၍ ငွေဖောဖောသီသီ သုံးသင့်သည့်အပိုင်းမှာ သုံးရသည်။ ရွှေဘိုခရိုင်မှာသာ လူသိများသော ဗိုလ်သံလက်သီး၏တပည့် ရာဇဝင်လူဆိုး ဖိုးသာစိုးအား ကသာမြို့မှာ လူယုံတော်အဖြစ်နှင့်ထားရသည်။ ဖိုးသာစိုးသည် ရွှေဘိုခရိုင်မှ သူ့ဇနီးနှင့် သားသမီးများခေါ်ကာ ကသာမြို့ဈေးပတ်လမ်းမှာ ကုန်စုံဆိုင်ကလေးဖွင့်၍ ဦးစံဖိုးနာမည်နှင့် သိုသိပ်စွာနေလေသည်။

ဖိုးသာစိုးသည် ထိုအချိန်မှာ အသက် ၄၀ ကျော်ပြီဖြစ်၍ အသက် ၃၀ လောက်တုန်းက ရာဇဝင်လူဆိုးအဖြစ်နှင့် လူသိများခဲ့သော ပုံသဏ္ဌာန်ပျောက်အောင် သူသည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများထားသည်။ ယခင်က အင်္ဂလိပ်ဆံတောက်ကို မြန်မာပီပီဆံကေသာ ရှည်ထားလိုက်သည်ဖြစ်၍ သူ့ကိုယ်သူ အတော်စိတ်လုံ၍ နေပေသည်။

ထို့ကြောင့် တစ်ခါတစ်ရံတွင် လှမြတ်စုသည်ပင် ကသာမြို့ ဖိုးသာစိုးအိမ်သို့သွား၍ နေထိုင်တတ်သည်။ သူတို့စခန်းမှ ကသာသို့သွားရန်မှာ မြစ်ကျဉ်းမှ ပထမ လှေဖြင့်ထီးချိုင့်မြို့သို့ သွား၊ ထိုမှ ယင်းအချိန်က မန္တလေးနှင့် ကသာကို သီတင်းတစ်ပတ်လျှင် တစ်ခေါက်ကျ ကူးသန်းနေသော Tiro တိုင်ရီခေါ် နှစ်ထပ်သင်္ဘောနှင့် လိုက်ရသည်။

လှမြတ်စု ကသာမြို့သို့ရောက်နေချိန်များတွင် သူသည် ကသာမြို့၏ အလှသရဖူကိုဆောင်းသည်ဖြစ်၍ ဦးစံဖိုးအမည်ခံ ဦးသာစိုး၏ကုန်စုံဆိုင်အနီးရှိ လက်ဖက်ရည်ဆိုင်မှာ ကာလသားများအလွန်စည်ကားလေရာ လှမြတ်စုပြန်သွားပြီဆိုလျှင် ထိုလက်ဖက်ရည်ဆိုင်ရှင်က တသသနှင့် ဒီ

mgyoe.com

mgyoe.com


သူငယ်မလေးဘယ်ကလဲ၊ ဘယ်တော့လာဦးမလဲဟု မေးရသည်အထိဖြစ်ခဲ့၏ ။

ကသာမြို့က ကိုလူပျိုတို့လည်း ဦးစံဖိုးဇနီး ဒေါ်မြသီးကိုကပ်ရပ်ကာ "ဒေါ်ဒေါ့် တူမဘယ်တော့လာဦးမလဲဗျ။ ကျွန်တော့်ပြောပေးစမ်းပါဗျ" စသည်မျိုးတွေ ဖြိုးဖြိုးဝေခဲ့သော်လည်း.....

ယခုမူကား၊ ကသာမြို့၏လှကေရီဒေဝီဖြစ်ခဲ့သော လှမြတ်စုသည် သူနေရာသေလာစခန်းသို့ ဖွေရှာမြန်းလာသည့် မိုးကြိုးနှင့် ချစ်ကြိုးနှောင်မိကာ ယခုအခါ လက်များက ဘာမှမလုပ်နိုင်မကိုင်နိုင်ဖြစ်နေသော ရည်စားသည်အား မယားသဖွယ်ဝတ်ကြီးဝတ်ငယ်ပြုစုနေရရှာလေ၏။

ထမင်းခွံ့ကျွေးရသည်။ ရေချိုးပေးရသည်။ အဝတ်လဲပေးရသည်။ အနာတွေဆေးဝါးထည့်ပေးရသည်။

သီတင်းနှစ်ပတ်မျှကြာသောအခါ၌ မိုးကြိုး၏ လက်ခုံလက်ဝါးက အနာများကျက်ပါပြီ။ သို့သော် လက်ချောင်းများမှာ ကောင်းစွာ မလှုပ်ရှားနိုင်သေးပေ။ လင်နမင်ဆီနိုင်နိုင်လူးပေးနေရသည်။ တစ်ရက်ထက် တစ်ရက်တော့ နည်းနည်းစီ၊ နည်းနည်းစီ တိုးတက်လှုပ်ရှားလာနိုင်သည်ဖြစ်၍ မကြာမီ အကောင်းပကတိပြန်ဖြစ်ဖို့ရှိ၏။ အရိုးများကွဲခြင်း ကျိုးခြင်းမရှိပါ။

မည်သို့ပင်ရှိစေ ဖြစ်သမျှအကြောင်း အကောင်းချည်းဆိုသည့်အတိုင်း သူတို့သမီးရည်းစားနှစ်ယောက်သည် အလွန်ပင် ပျော်ရွှင်ကြည်နူးနေကြမည်ကို စာဖတ်သူစဉ်းစားပြီး သူတို့နေရာများကိုယ်စား မဝင်ချင်ဘူးလား။

ယခု မိုးကြိုးက လှမြတ်စုအား ကဗျာသင်ပေးနေရာမှ လေးချိုးစပ်နည်းကို ကိုယ်တိုင်ကိုယ်တွေ့ခံစားချက်ဖြင့် ကိုယ်တိုင်စပ်ပြနေသည်။

"ဒီမှာ မြတ်ရဲ့၊ ကဗျာတစ်ခု စပ်တော့မယ်ဆိုရင် အကြောင်းအရာနဲ့ ကိုယ့်ရဲ့ ခံစားမှုရှိရတယ်။ အဲဒီအကြောင်းအရာနဲ့ ခံစားမှုဟာ လေးလုံးစပ်ပျို့ကဗျာနဲ့ သင့်လျော်သလား၊ တေးထပ်နဲ့ တော်မလား၊ လေးချိုး၊ လေးဆစ်နဲ့ တော်မလား၊ ရတုရကန်နဲ့ တော်မလားဆိုတာကို ကဗျာမျိုးစုံရေးစပ်ထားတဲ့စာဆိုက ပထမစဉ်းစားတယ်။ ပြီးတော့မှ သင့်လျော်ရာနဲ့ သူရေးစပ်တယ်။ အခုမောင်က မြတ်နဲ့ မောင့်အချစ်ကို လေးချိုးစပ်ချင်

mgyoe.com

mgyoe.com

တယ်ကွာ။ မြတ်ရဲ့ ဘော်ဒီအချိုးအစားက ဘယ်လောက်"

"ရင် ၃၇ လက်မ၊ ခါး ၂၄ လက်မ၊ တင် ၃၈ လက်မ"

"အဲ....ဟုတ်ပြီ...မြတ်ရေးပေးကွာ၊ မောင်နှုတ်က ရွတ်မယ်"

"ရယ်ဒီ...မောင်"

မိုး – "ဘုန်းမယ့်အမွှန်၊ ထုံးဖွဲ့လို့လှစ်ရမှာဖြင့်
သုံးဆယ့်ခွန်၊ သုံးဆယ့်ရှစ်ကယ်နဲ့
ခါးဆစ်ငယ်နှစ်ဆယ့်လေးကို
မောင်ထွေးလို့ ပွေ့ပါမယ်"

မြတ်– "ပွေ့ပါမောင်ရယ်၊ မေ့မရအောင်ကွယ်"

မိုး – "အဲ...မြတ်ဖြည့်တာ ဟုတ်တယ်ကွဲ့၊ ကဲ...
ဒုတိယအပိုဒ်

"အော်...ဝင်းပပငယ်နဲ့ အဆင်းလှပါတဲ့ ယမင်းနှမကိုလေ၊
မယွင်းရအောင် မောင်တကယ်ယူတော့မယ်ဗျ၊
အောင်သွယ်သူ...."

"အဲ မြတ်ကော၊ အဲသည်နေ့က မောင်တို့ မော်တော်ကို သေနတ်နဲ့ပစ်ပြီး ကမ်းကပ်ဖို့ခေါ်တာဘယ်သူလဲ"

မြတ်– "ဗိုလ်ကျောက်တိုင်"

မိုး – "အင်း ဒီနေရာမှာ 'အောင်သွယ်သူ ဗိုလ်ကျောက်တိုင်' လို့မဖြစ်ဘူး၊ 'သူ' က တက်သံဖြစ်နေတော့ ၆ လုံးမြောက်တဲ့ 'တိုင်' နေရာမှာ သံနိမ့်သံလေးတစ်ခုခုဖြစ်ရမယ်။ ဒီတော့ သူ့နာမည် ပြောင်းပြန်လုပ်"

"အောင်သွယ်သူ ဗိုလ်ကျိုင်တောက်ကယ် ဝမ်းမြောက်ပါတယ်"

မြတ်– "ဟာ မောင်ရာ၊ မြတ်တို့အချစ်ထဲမှာ သူ့နာမည်ကြီး မထည့်ချင်ဘူးကွာ"

မိုး– "ဟုတ်ပါရဲ့၊ လွယ်ပါတယ် ကဲ ပြင်ရေး"

အောင်သွယ်သူ၊ သေနတ်များပါပဲ
မှတ်သားကာ ကမ္ဗည်းထိုးကြစို့ရဲ့။
ဒို့....မျိုးဆွေဆက်တွင်။

မိုး– "ကြိုက်ပြီလား"

mgyoe.com

မြတ်– "ကြိုက်ပြီမောင်"

မိုး– "ကဲ...ဒါဖြင့် တတိယပိုဒ်"

ပဲနဲ့ဆန်၊ အိတ်နှစ်ရာမျှငယ်နဲ့
စွဲဖွယ်သဏ္ဍာန် နိပ်ကညာအလှကိုလ
ရိုက္ခာသပါလို့၊ သူ့အဖေဆီမှာကွယ်
နှကေသီမယ်ကိုတော့ မောင်အပိုင်သိမ်း၊
ဇမ္ဗူမြေမဟီမှာတော့ အောင်နိုင်ကိန်း။

မြတ်– "ဟာ...မောင်ရေ၊ ကာရန်နဘောတွေ သိပ်ကောင်းလိုက်ပါလား"

မိုး– "ကဗျာ စပ်ရတာ ဒီလိုပဲမြတ်ရ၊ ကာရန်က သူ့ဟာသူ ခေါ်သွားတာ။ အဆင်သင့်ရင် ဒီလိုပဲ၊ ကဲ စတုတ္ထအပိုဒ်"

အဆုံးတစ်သက်ပခင်
မမုန်းရက်စရာ့ ရူပကာရှင်ကို
အုံးစက်ရာ၊ တူနှစ်ဖြာကြင်လို့ နွဲ့မယ်ပ
အသည်းဝယ်၊ စွဲတယ် စွဲတယ် အမြဲကွယ်
လွှဲမဖယ် ရိုးမြေကျအောင်ပ
သတိုးဆွေ အလှကိုလေ
မိုးမြေမကအောင် အချစ်ထူးပါလို့
မပစ်ဘူးနော်...သက်ထက်ဆုံးအောင်
လှကညာ မြရတနာကုံးကို
ဘုန်းချစ်မှာပဲ။ ။

"ကဲ...ကွာ၊ တတိယပိုဒ် အဆုံးသတ်က 'သိမ်း' 'ကိန်း' အခံနဲ့ လွဲသွားပြီ။ တောက် သုံးပိုဒ်စလုံးနိုင်လာပြီးတော့ အဆုံးသတ်မှ ချော်သွားတယ်။ ဒီလိုပဲပေါ့လေ၊ ကဗျာပါရမီ နုသေးတော့ ပြန်ညှိရမှာပဲ၊ ကဲ... မောင်သေသေချာချာပြန်ဖတ်စမ်းမယ်"

မိုးကြိုးသည် စားပွဲပေါ်မှ လှမြတ်စုရေးထားသော လေးချိုးစာရွက်ကိုယူ၍ ချစ်သူအနားမှ ခွာကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း သူ့ကဗျာကို ပြန်ဖတ်သည်။

ယခု သူတို့နေကြသည်မှာ အမေရိကန်တပ်များမှရသော စစ်သုံး

mgyoe.com

ရွက်ဖျင်တဲကြီး ထက်ပိုင်းခြမ်း အလယ်မှကာ၍ ဗိုလ်သံလက်သီးနှင့် သူ့သမီးတို့ တစ်ခန်းစီနေကြရာ လှမြတ်စု အခန်းထဲမှာဖြစ်၏။ ယင်းအချိန်မှာ ဗိုလ်သံလက်သီးသည် သူ့အခန်းထဲက အိပ်ရာပေါ်မှာ တုံးလုံးလှဲလျက် သမီးနှင့် သားမက်လောင်းတို့ ကဗျာစပ်နေကြသည်ကို နားထောင်လျက် တပြုံးပြုံးနှင့် နှလုံးတွေ့၍ ပီတိစိမ့်နေ၏။

မိုးကြိုး သူတို့ဆီရောက်တဲ့နေ့ကပြောသည့်အတိုင်း မိုးကြိုးသည် ရွှေဘိုဇာတိ အမိ ဒေါ်ရွှေနု၊ အဘဦးအောင်သူဟု ပြောသည်တွင် ဦးအောင်သူသည် ယခုဗိုလ်သံလက်သီး အမည်ခံ ဦးအောင်ကျော်၏ အစ်ကိုဝမ်းကွဲဖြစ်နေရကား မိုးကြိုးကပေးသည့်လိပ်စာအတိုင်း သူ့အမည်ရင်းနှင့် ယခုလက်ရှိအခြေကိုမဖော်သေးဘဲ ထီးချိုင့်ရှိ သူ့ကင်းထောက်လူယုံတော် မောင်သော်ကခေါ် ဗိုလ်ဘသော်လိပ်စာနှင့် စုံစမ်းလိုက်တော့ ဦးအောင်သူဇနီး ဒေါ်ရွှေနုလက်ရေးနှင့် စာပြန်လာသည်။

စုံစမ်းမေးမြန်းသူ လူကြီးမင်းရှင့်....

ကျွန်မတို့ဟာ ရွှေဘိုမှပြောင်းပြီး မန္တလေးမှာ ပွဲရုံတစ်ခု ဖွင့်ထားပါသည်။ ကျွန်မတို့သားလေး ငယ်မည်တွတ်နီခေါ် ဘမောင်ကို မန္တလေးနှင့် ကသာသို့ ကုန်ကူးခိုင်းထားပါသည်။ သူ....ဘောက်ဆင်ထိုးလျှင်၊ ကဗျာရေးလျှင် ‘မိုးကြိုး’ ဆိုတာ ဟုတ်ပါသည်။

ယခု ဒီသားအတွက် ကျွန်မတို့မှာ စိတ်ဒုက္ခရောက်နေရပါသည်။ ဆန်အိတ် ၁၀၀၊ ပဲအိတ် ၁၀၀ ပါသွားတဲ့ သူ့မော်တော်ကို တကောင်းအထက်မြစ်ကျဉ်းမှာ ဓားပြတိုက်၍ သူ့ပစ္စည်းတွေ အားလုံးယူတော့ အဲဒီမှာ အင်မတန်လှတဲ့ မိန်းကလေးတစ်ယောက်လည်း တွေ့တာနဲ့ ဆိုလားပဲ၊ သူမြင်မြင်ချင်းချစ်ပြီး ဒီသူငယ်မ မရရင် မနေဘူး။ ဓားပြတွေက သူ့ကိုသတ်ချင်လည်း သတ်ပါစေတော့ဆိုပြီး အဲသည်မှာနေခဲ့တယ်လို့ သူနဲ့ပါသွားတဲ့ မော်တော်သမားတွေက ပြောတာပဲ။

ကျွန်မတို့သားဟာ သူလိုချင်တာကိုမရ ရအောင် ယူတတ်တာဟာ သူ့မွေးရာပါ သန္ဓေပဲ။

ယခုတော့ ကျွန်မတို့သားလေး သေပြီလား၊ ရှင်ပြီလား မသိရပါဘူး။ လူကြီးမင်းက အခု သူ့အကြောင်းမေးပုံထောက်တော့ ကျွန်မ

mgyoe.com

mgyoe.com
တို့သားလေးဖြစ်အင်သိပုံဘဲ၊ သည်တော့ ကျွန်မတို့ဆီ အကျိုးအကြောင်း စာပြန်စေချင်ပါတယ်ရှင့်....။

ကျန်းမာချမ်းသာပါစေ

ရွှေနု

လိပ်စာ။ ။ ဦးအောင်သူ + ဒေါ်ရွှေနု
ရွှေဘိုပွဲရုံ
၈၄ လမ်း
မန္တလေးမြို့။

ဤစာရပြီးကတည်းက ဗိုလ်သံလက်သီးသည် သူ့အစ်ကိုနှင့် မရီးတော် စိတ်ချမ်းသာအောင် အားလုံးဖွင့်ဟ၍ အကျိုးအကြောင်းစာပြန်လိုက်လေပြီ။

မိုးကြိုးအား သူသည် ရုပ်ရည်နှင့်သတ္တိကိုသဘောကျနေရာမှ သူ့သွေးသူ့တူမှန်းသိရလေတော့ သူ့သမီးနှင့် နတ်တို့ဖန်ရေကန်အသင့် ကြာအသင့်ဖြစ်ပေတာပဲဟု လွန်စွာဝမ်းမြောက်လျက် ပစ္စည်းဥစ္စာများနှင့် သမီးနှင့် သမက်ကို တစ်မြို့မြို့မှာ နေရာချထားရန် စိတ်ကူးပြီးသားဖြစ်လေသည်။

သမီးအတွက် ရတက်အေးရလေပြီ။

ဤသို့ ဗိုလ်သံလက်သီး၊ ပီတိဖြစ်နေစဉ် တစ်ဖက်ခန်းမှ သမက်လောင်း၏ အသံပေါ်လာပြန်၏။

"မြတ်ရေ....၊ မောင့်နှယ်....ချာလိုက်တာကွာ"

"ဘာလို့လဲမောင်"

"ဟာ....ဒီလေးချိုးမှာ ဒုတိယပိုဒ်နောက်ပိုင်းလည်း မကြိုက်ဘူး၊ စတုတ္ထပိုဒ်အဆုံးသတ်လည်း မနိပ်ဘူး"

"ဟာ...မြတ်တော့ ကြိုက်တာပဲ"

"ကဲ...မြတ်၊ သည်ထက် ပိုကြိုက်သွားအောင် ပြန်ရေးကြစို့။ အချော ပဲရေးတော့"

"ခေါင်းစဉ် နာမည်ဘယ်လိုတပ်မလဲ"

"သုံးဆယ့်ခွန်၊ နှစ်ဆယ့်လေး၊ သုံးဆယ်ရှစ်ကို ဂဏန်းနဲ့ရေး"

"ကောင်းပြီမောင်"
mgyoe.com

၃၇–၂၄–၃၈ လေးချိုး

ဘုန်းမယ့်အမွန်၊ ထုံးဖွဲ့လို့ လှစ်ရမှာဖြင့်
သုံးဆယ့်ခွန်၊ သုံးဆယ့်ရှစ်ကယ်နဲ့
ခါးဆစ်ငယ်၊ နှစ်ဆယ့်လေးဟာမို့
ချစ်စဖွယ်၊ မယ့်ရွှေသွေးကို
မောင်ထွေးလို့ ပွေ့ပါမယ်။
(ပွေ့ပါ့မောင်ရယ်၊ မေ့မရအောင်ကွယ်)။

"အော်....ဝင်းပပငယ်နဲ့ အဆင်းလှပါတဲ့
ယမင်းနှမ၊ ကညာမေရဲ့
နှစ်ဖြာမသွေ၊ ချစ်ပင်ပျိုးပါလို့
ချစ်မိုး...ဖြိုင်ဖြိုင်ရွာစို့
ဖြိုင်ဝနာ သည်စခန်းမှာလ
ကြိုင်လှိုင်စွာ ကြည်ကြည်ရွှန်းကြလို့
စန်းပွင့်ကြတယ်။

စွဲဖွယ်သဏ္ဍာန် နိပ်ကညာအလှကိုလ
ပဲနဲ့ဆန် အိတ်နှစ်ရာမျှငယ်နဲ့
ရိက္ခာသပါလို့ သူ့အဖေဆီမှာကွယ်။
နကေသီကညာမယ်ကိုတော့၊ မောင်အပိုင်ဆွဲ၊
ဇမ္ဗူ့ဗွေမဟီမှာဖြင့် အောင်နိုင်ပွဲ။

အဆုံးတစ်သက်ပါခင်
မမုန်းရက်စရာ ရူပကာရှင်ငဲ့။
အုံးစက်ရာ တူနှစ်ဖြာကြင်လို့နှဲကြစို့ရဲ့
အသဲဝယ် စွဲတယ်...စွဲတယ်....
အမြဲကွယ် ရိုးမြေကျစေတော့
လွဲမဖယ် သတိုးဆွေနှမကိုဖြင့်
မောင်ချစ်တာ မိုးမြေမကပါဘူး
လှကလျာ မြရတနာကုံးကိုလ
ဘဝအဖြာဖြာ ကမ္ဘာကမ္ဘာပြန်းစေတော့

mgyoe.com

mgyoe.com

ဘုန်းချစ်မှာပဲ။

"ကဲ...ပိုကောင်းမသွားဘူးလား"

"ဟာ...သိပ်ကောင်းသွားတာပေါ့ မောင်ရယ်၊ အဲသည်ကဗျာထဲမှာပါတဲ့ ကာရန်နဘောတွေအတိုင်းပဲ မောင်က မြတ်ကိုချစ်မယ်လား"

"အစစ်ပေါ့မြတ်ရယ်၊ မောင့် နှလုံးသည်းပွတ်ထဲမှာရှိတဲ့ ခံစားမှု၊ လိုလားမှုတွေဟာ ဦးနှောက်ထဲ ရောက်တော့ အဲသည်ကာရန် နဘောတွေဖြစ်ပြီး ထွက်လာတာပဲ"

"အံ့သြစရာကြီးနော်၊ ကဗျာမရေးတတ်တဲ့လူဆိုရင် ဘယ်ဒီလိုထွက်လာနိုင်မလဲနော်...."

"ဒါပေါ့ မြတ်ရယ်"

"ဟင် ဒါဖြင့် မြတ်က ကဗျာရေးတတ်တဲ့လူကို ချစ်ရတာ ကံကောင်းတာပေါ့နော်"

"မောင်ကလည်း ကံကောင်းတာပဲ မြတ်ရဲ့"

"ဘာလို့လဲဟင်"

"မြတ်လို လှတဲ့ သူချစ်စရာကောင်းတဲ့သူနဲ့ တွေ့ရလို့ ဒီကဗျာ၊ ဒီကာရန်၊ ဒီနဘောတွေပါတာကိုး မြတ်ရဲ့"

"ဟုတ်လားမောင်၊ ဒါဖြင့် အဲဒီကဗျာမျိုးတွေရေးတတ်တဲ့ ကဗျာဆရာ၊ စာရေးဆရာတွေမှာလေ....သူတို့မှာလည်း အဲလိုလှတဲ့ ချစ်သူတွေရှိလို့လားဟင်"

"ဒါကတော့ ဒီလိုရှိတယ် မြတ်ရဲ့။ မောင် စာရေးဆရာတစ်ယောက်နဲ့ အလွန်ရင်းနှီးတယ်၊ သူပြောဖူးတယ်။ သူ့ဝတ္ထုတွေရေးတဲ့အမည်ထဲမှာ သူ့ဇာတ်လိုက် မ လှလှကလေးကို ဖန်တီးလိုက်ကရော၊ အဲသည်တော့ ဒီမိန်းကလေးဟာ သူ့စိတ်ထဲမှာအသက်ဝင်လာပြီး ဒီမိန်းကလေးရဲ့ ရုပ်ပုံလွှာဟာ သူ့မျက်စိထဲ မြင်ယောင်လာတယ်။ အဲသည်တော့ သူဟာ ဒီမိန်းကလေးကို တကယ်ချစ်မိပြီး သူ့ဝတ္ထုထဲက ဇာတ်လိုက်နေရာမှာ သူဝင်ပြီး အဲလိုကဗျာတွေ ရေးမိတော့တာပဲတဲ့မြတ်ရဲ့"

"ဟင်....ဟုတ်လား၊ အံ့သြစရာကြီးနော်"

"နို့ပြီးတော့ သူအဲလိုရေးနေတုန်းမှာ သူ့လက်ရှိဘဝနဲ့ ပတ်ဝန်းကျင်ကို

mgyoe.com

mgyoe.com

မေ့ပြီးတော့ သူနဲ့ဒီမိန်းကလေးဟာ တကယ်ချစ်နေရသလိုပဲ ခံစားရသတဲ့"

"အို…ဟုတ်လား"

"စိတ်ဆိုတာ ဆန်းတယ် မြတ်ရဲ့"

"ဒါဖြင့် မြတ် မေးချင်တယ်"

"မေးစမ်း"

"အဲဒီ စာရေးဆရာမှာ မိန်းမရှိတယ် ဆိုပါတော့။ သူစာရေးနေတုန်းမှာ သူဖန်တီးထားတဲ့ ဇာတ်ကောင်မလေး သူချစ်နေတော့ သူ့လက်ရှိ မိန်းမကို ဘယ်လိုသဘောထားသတဲ့လဲ"

"အော် သူစာရေးနေတုန်းမှာ သူ့လက်ရှိဘဝနဲ့ ပတ်ဝန်းကျင်ကိုမေ့ပြီး သူအနုပညာ ဈာန်ဝင်စားနေတာပဲ။ သူ့မိန်းမကော သူဘယ်သတိရတော့မှာတုန်း"

"ဟွန်းနော်၊ ဒါဖြင့် မောင်ဘယ်တော့မှ စာရေးဆရာမလုပ်ရဘူး။ မြတ်က အဲလို အမေ့မခံနိုင်ဘူး ဆရာ"

"အောင်မယ်လေး မြတ်။ မောင် စာရေးဆရာလုပ်ချင်လို့ကော လွယ်တဲ့အလုပ်မှတ်လို့၊ ဖြစ်ဖြစ်ပါစေဦး"

"ဟင် မဖြစ်ရဘူး….၊ မဖြစ်ရဘူး….၊ ဒါပဲ ဒါပဲ"

တစ်ဖက်ခန်းမှ အသာနားထောင်နေသော ဗိုလ်သံလက်သီးမှာ သူ့သမီးသဝန်တိုပုံကို တွေးမိလျက် ကိုယ်သိမ့်သိမ့်ခါအောင် အသံမထွက်ဘဲ ရယ်မောမိလေ၏။ အော်….မအေတူပါကလား"

"စာရေးဆရာ မလုပ်ပါဘူးဗျာ၊ မလုပ်ပါဘူး"

"မောင် မြတ်တစ်ယောက်အတွက်ပဲ ဒီလိုကဗျာတွေရေးနေရမယ်သိလား"

"ဒီလိုဆို မောင် နတ်ရှင်နောင်လို ဖြစ်ရောပေါ့"

"ဘယ်လိုလဲ မောင်"

"ဒီလိုလေ မြန်မာစာပေလောကမှာ ရေးကဗျာဆရာတွေ ရှိပါရောလား။ တခြားကဗျာဆရာတွေက အကြောင်းအမျိုးမျိုးကို ရေးကြတယ်။ ဒါပေမဲ့ နတ်ရှင်နောင်ကတော့ သူ့ချစ်သူဓာတုကလျာတစ်ယောက်အတွက်ပဲ ရတုတွေရေးခဲ့တယ်…"

mgyoe.com

mgyoe.com

"အဲ…အဲ…အဲဒါမျိုး မြတ်လိုချင်တာပဲ"

"ဒါပေမဲ့ မောင် နတ်ရှင်နောင်လိုတော့ မဖြစ်ချင်ဘူးကွာ"

"ဘာလို့လဲမောင်"

"နားထောင်မောင်။ သူ့အကြောင်းလေးချိုးတစ်ပုဒ် ဆိုပြမယ်"

"ဆိုပြပါမောင်"

နတ်ရှင်နောင်

"ပင်တိုင်စံ ဓာတုကလျာ အနွဲ့ငယ်ကြောင့်
ကြင်ပိုင်ရန် စာညကဗျာ ဖွဲ့ရှာရ
မဟာသမုဒ္ဒရာ ချဲ့ပါတဲ့ အကြောင်းရင်းခံ
အသက်ကလေးလို အချစ်ထူးရှော့ထင်ရဲ့
ပရစ်ဖူးတွေ ဝေဝေဖြိုင်တော့
မဖြေနိုင် အပူမီးငယ်ကြောင့်
တွေမှိုင်မှိုင် အူအသည်းမှာ
ညီးလို့ ထိန်လျှံ
စုလျားပြိုင်ဖွယ် တွေးလေဆွေးရှော့ထင့်
ဘုရားတိုင်တစ်သွယ် ကျေးစေရေးပါလို့
ဝေးနေပေးကိုတဲ့ သူစိမ်
တူညီရန်ကွဲ့ ထက်သူအပေါင်း။
ကြည့်တစ်ဖန်
အမိသဏ္ဍာန်တစ်စမခြားတဲ့ပြင်
နှစ်မအလားကွယ် အပိုကြင်ပြန်လို့
နဂိုယဉ်ဟန် သူကိုလေ
နှစ်ကိုယ်ယှဉ်စံကာ အစ်ကိုဘုရင်
အမုန် သမ္ဘာမောက်တာဖြင့်လည်း
ရဝိဆောင်မှာ ကဝိမောင် မိဖုရားခေါင် မြှောက်ပါရဲ့
မြန်မကြာ ဟံသာကို ကြဲကာနှောက်သော်မှ
စစ်ရောက်ရာ မအောင်မြင်ပါ၍

mgyoe.com

mgyoe.com

ကားစင်မှာ ကုလားငစင်ကာနဲ့ တွဲကာပ

မသနား မကြင်နာဗျာ အသားတံကျဉ်မှာ စွဲရှာတော့

ကံနည်းသူ တဖိုဖိုနဲ့

➢ ထိုတစ်ကိုယ် အသေမလှပုံက

ဟိုနဂို ပဝေအစရယ်က

မရေမရာ ဖန်လာပုံ မကောင်းသနဲ့

စေရပါတဲ့ ကံကြမ္မာ အကြောင်း။ ။

(➢ သူ့မူရင်းက 'ကပိုကရို' ဖြစ်သည်။)

"အဲဒါ ပါမောက္ခဦးအေးမောင် ငယ်စဉ်က မောင်သန့်စင်နာမည်နဲ့ ဂန္ထလောကမဂ္ဂဇင်းထဲမှာ ရေးခဲ့တဲ့ နတ်ရှင်နောင်အကြောင်း လေးချိုးပဲ၊ နတ်ရှင်နောင်ဟာ စစ်ရှုံးတော့ သံတံကျဉ်လျှိုပြီးတော့ အသတ်ခံရရှာတယ်။ ဒါကြောင့် နတ်ရှင်နောင်လို မောင်မဖြစ်ချင်ဘူးပြောတာပေါ့ မြတ်ရဲ့"

"အောင်မယ်လေး၊ မောင့် ဘယ်သူက သတ်နေမှာလဲ"

"သိနိုင်ဘူးလေ"

"ဒီမှာ မောင်"

"ဗျာ"

"စစ်ထွက်ဆဲ တောင်ငူဘုရင်မှာလေ လွမ်းစာတွေ ရွှေပေထက်မှာ တင်ရှာပေဆိုတော့ မောင့်ရဲ့ နတ်ရှင်နောင်ဟာ စစ်တိုက်ရင်း စစ်မြေပြင်မှာပဲ အဲဒီကဗျာတွေ ရေးခဲ့တယ်ဆိုတော့ အံ့သြစရာဘဲနော်...."

"အောင်မယ် မြတ်ရယ်၊ စစ်တိုက်ရတာနဲ့ ကဗျာရေးရတာ ဘယ်သင်းက ခက်တယ်ထင်သလဲ"

"ဘယ်သင်းက ခက်သလဲမောင်"

"စစ်ဆိုတာက လက်နက်ကိုင်တတ်သုံးတတ်ရင် လူတိုင်းတိုက်နိုင်တာပဲ။ ကဗျာက လူတိုင်းစပ်နိုင်သလား၊ သင်တိုင်းကော တတ်သလား"

"အဲ ဟုတ်ပြီမောင်"

"နို့ပြီးတော့ စစ်တိုက်တယ်ဆိုတာက ရှိပြီးသားပစ္စည်းကို လုကြတာပဲ။ ဥပမာ တောင်ငူဘုရင် နတ်ရှင်နောင်က ဟံသာဝတီ (ဥဿာပဲခူး) ကို တိုက်တယ်။ အနောက်ဘက်လွန်မင်းတရားက နတ်ရှင်နောင်ဟာ ပေါ်တူဂီ

mgyoe.com
ဒီဗရစ်တိုခေါ်တဲ့ ကုလားဖြူ ဇေင်ကာနဲ့ပေါင်းပြီး မြန်မာပြည်ကို တိုင်းတစ်ပါးသား လက်ထဲရောက်အောင်လုပ်တယ်ဆိုပြီး အင်းဝကနေ ဆင်းလာပြီး တိုက်တော့ ဟံသာဝတီကို သူရသွားတယ်။ နတ်ရှင်နောင် အသတ်ခံရတယ်။ ဒါဘဲရှိပြီးသားပစ္စည်းလုကြတော့ အနောက်ဘက်လွန်မင်းတရား ရသွားတယ်ဟုတ်လား"

"မှန်ပါ့ဘုရား..."

"အဲ...ကဗျာစပ်တာကတော့ ဒီလိုမဟုတ်ဘူး။ စာပေနယ်မှာမရှိသေးတဲ့စကားလုံးတွေ ကာရန်နဘေတွေကို အသစ်တီထွင်ရှာဖွေပြီးတော့ ပေထက်အက္ခရာတင်ရတာပဲ။ ဒီတော့ စစ်ရှုံးတာနိုင်တာတွေ၊ ရှင်ဘုရင်တွေ တန်ခိုးကြီးတာတွေဟာ တိုင်းပြည်အတွက်၊ လူမျိုးအတွက် ဘာမှ တိုးတက်လာတာမဟုတ်ဘူး။ ကဗျာစာပေသာလျှင် ထာဝစဉ် အဖတ်တင်လာတယ် မဟုတ်လားမြတ်ရဲ့"

"ဟုတ်တာပေါ့ မောင်"

"ကဲ...အခု စစ်နိုင်သွားတဲ့ အနောက်ဘက်လွန်မင်းတရားဆီက မောင်တို့ ဘာပစ္စည်းများရလိုက်သလဲ၊ ဒါပေမဲ့ စစ်ရှုံးလို့အသတ်ခံရရှာတဲ့ နတ်ရှင်နောင်ဆီက ရတဲ့ကဗျာတွေ တိုင်းပြည်က ထာဝစဉ်ရလိုက်တယ် မဟုတ်လား"

"ဟုတ်တာပေါ့ မောင်ရယ်"

"ပုဂံခေတ်မှာ နရပတိစည်သူမင်းက အနန္တသူရိယ အမတ်ကိုသတ်လိုက်တယ်။ ဟော....တိုင်းပြည်က 'သူတည်းတစ်ယောက်ကောင်းဖို့ ရောက်မူ' အစချီတဲ့ အဖိုးမဖြတ်နိုင်တဲ့ ကဗျာကိုရလိုက်တယ်"

"အစစ်ပဲနော်"

"ဒါကြောင့် မောင်ဟာလေရှင်ဘုရင်မဖြစ်ချင်ဘူးကွာ။ ကဗျာဆရာ၊ စာရေးဆရာပဲ ဖြစ်ချင်တယ်"

"ဟိုးဆရာ၊ ခုနပြောတဲ့ ဝတ္ထုရေးရင် သူ့စိတ်ကူးထဲက ဇာတ်ကောင်မကို သူ့ဟာသူ ပြန်ချစ်နေပြီး လက်ရှိမယား မေ့တတ်တဲ့ စာရေးဆရာမျိုးတော့ မောင်မဖြစ်ရဘူးလို့ မြတ်ပြောထားတယ်မဟုတ်လား"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"
mgyoe.com

mgyoe.com

"နို့ပြီးတော့ မောင်ကဗျာရေးရင်လည်း နတ်ရှင်နောင်လိုပဲ မြတ်တစ်ယောက်တည်းအတွက်ပဲ ရေးရမယ်သိလား"

"မှန်လှပါခင်ဗျာ၊ အခုတောင်လေ မောင်ကမြတ်ရဲ့ 'တစ်သားမွေးတစ်သွေးလှဆိုတဲ့ကဗျာ' ရေးချင်ပြီဗျာ"

"ဟင်းနော် မောင်ဒါတော့လောမကြီးနဲ့ကွာ၊ အိုး...ဖေဖေတစ်ဖက်ခန်းမှာရှိနေလို့ ကြားမှဖြင့်..."

ဟုတ်ပေသားပဲ ကလေးတွေ လွတ်လွတ်လပ်လပ်ချစ်တင်းနှောနေကြတာ မိမိက ဘာနားထောင်နေသင့်သလဲဟု ဗိုလ်သံလက်သီးသဘောပေါက်သွားကာ သူ့နားနှစ်ဖက် သူပိတ်၍ အသာတိတ်တိတ်ခြေသံမကြားအောင် အခန်းပြင်ဘက်ထွက်ခဲ့ရလေ၏။

သူ့စိတ်ထဲမှာလည်း ရှက်စနိုး၊ အိုကြီးအိုခါမှ 'ငါ့နှယ်ဟယ်သူများသမီးရည်းစား စကားပြောတာ ချောင်းနားထောင်နေသလိုဖြစ်ခဲ့ပါရောလား'။

အဘိုးကြီး ဤကဲ့သို့ ရှောင်ခွာခဲ့သည်မှာ သူ့အတွက်ကောင်းလှပေစွ၊ အကယ်၍ ဆက်လက်နားထောင်နေမည်ဆိုလျှင် ဖခင်တစ်ယောက်အဖို့အတွက် အသည်းထိတ်စရာကြီးပါ။

အကြောင်းမှာ လှမြတ်စုက သူ့ချစ်သူအား ဆက်လက်မေးမြန်းနေသည်မှာ....

"ခုမှသတိရလို့ မောင့်ကို တစ်ခုမေးချင်တယ် မှန်တာပြောနော်...."

"ပြောပါ့မယ်ဗျာ မေးပါ၊ မေးပါ"

"မောင့်ပုဆိုးမောင် မလဲနိုင် မဝတ်နိုင်တုန်းကလေ မောင်ပေးတဲ့နည်းပဲ။ မောင်က စောင်တစ်ထည်ခြုံပြီး တုံးလုံးလှဲနေတယ်၊ သည်တော့ မြတ်က ဝတ်ထားတဲ့ပုဆိုးဆွဲချွတ်ပြီးတော့ရင် နောက်လဲတဲ့ပုဆိုးကို စောင်အောက်ကနေပြီး ခြေထောက်စွပ်ပြီး ခါးရောက်အောင် ဆွဲပေးရတယ်။ ကဲ... အဲသည်နည်းဟာ မောင်ဘယ်မိန်းမနဲ့ ဒီလိုပတ်သက်ခဲ့ဖူးလို့ သိနေတာလဲ မှန်မှန်ဖြေစမ်း..."

မိုးကြိုးသည် တဟားဟားနှင့်အားရပါးရရယ်နေရာ၊ လှမြတ်စုက အားမလို အားမရဖြစ်လျက် ဗိုက်ခေါက်လိမ်ဆွဲကာ....

"ကဲ ပြောစမ်းပါ။ ဒါဟာယောကျ်ားချင်း နည်းလည်းမဟုတ်၊ မိန်းမချင်း

mgyoe.com

mgyoe.com

နည်းလည်းမဟုတ်၊ လင်မယားမဟုတ်သေးတဲ့ယောကျ်ားနဲ့ မိန်းမကိစ္စပဲ။ ဒါဟာမြတ်လိုပဲ သမီးရည်းစားနဲ့ဖြစ်တဲ့ကိစ္စပဲ။ အဲသည်ရည်းစားဟာ ဘယ်သူလဲ၊ အခုသူဘယ်မှာလဲ…"

မိုးကြိုးက မျက်နှာခပ်တည်တည်နှင့်

"မန္တလေးမြို့က ဆေးရုံကြီးမှာခင်ဗျ"

လှမြတ်စုမျက်နှာညိုလျက်–

"ကြည့်စမ်း ကြည့်စမ်း၊ မောင့်မှာ မြတ်အပြင် အဲသည်ရည်းစားရှိခဲ့တယ်ပေါ့"

"အဲသည် မိန်းကလေး ယောကျ်ားတွေကို အဲသည်လိုအဝတ်လဲပေးတိုင်းသာ သူ့ရည်စားဖြစ်ရမယ်ဆိုရင် သူ့မှာရည်စားတွေထောင်နဲ့ချီနေရောပေါ့"

"ဘာဖြစ်လို့လဲ ရှင့်"

"သူနာပြုဆရာမကိုး ဒေါ်ရွှေမြတ်ရဲ့။ အောင်မယ်လေး အတွေးခေါင်လိုက်တာဗျာ၊ ဟား…ဟား…" နှင့် မိုးကြိုးအားရပါးရ ရယ်မောနေပြန်တော့မှ လှမြတ်စု သဘောပေါက်သွားကာ–

"ကြည့်စမ်း ကြည့်စမ်းနော်၊ မောင်ဒါလေးပြောမယ့် အရေးများ မြတ်အသည်းထိတ်အောင် ဝေ့လည်ကြောင်ပတ်လုပ်နေလိုက်တာ။ သူအားကြီးမကောင်းဘူး" ဟု ဆိုကာ မိုးကြိုးရင်ဘတ်ကို လက်သီးနုနုကလေးနှစ်လုံးနှင့် ခပ်ရွရွလေးထုတော့ မိုးကြိုးသည် လှပလီဒေဝီအား သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်၏။

ထိုအချိန်မှာ မိုးကြိုး လက်တို့သည် စာမရေးနိုင်သေးသော်လည်း ကိုင်နိုင်တွယ်နိုင် ရှိနေချေပြီ။

ချစ်ရေးပျူငှာ ပျူငှာ
တူနှစ်ဖြာ မွေ့ကြစို့ရဲ့
ဇမ္ဗူမှာ မမေ့နိုင်ဘူး
အတွေ့ ထူးတဲ့ကြုံ
ချစ်လို့ရယ်တဲ့ မကုန်မကုန်
မျှစ်စို့ ပုံသဏ္ဌာန်ကြီးရယ်လေး
ဟီးတိုက်လို့စုံ။ ။

mgyoe.com

"အဲဒါ ဘောလယ်ပေါ့ မြတ်ရဲ့။ မောင်က ဘောလယ်များတော့ လက်တမ်းပဲ၊ စက္ကူကြမ်းတောင် ကိုင်စရာမလိုဘူး"

"ဒါဖြင့် နောက်ထပ် ဆက်ပါဦးမောင်..."

"တော်ပါဦးမယ်ကွာ၊ နမ်းဦးမယ်ကွာ"

"ဟင့်အင်း...နောက်တစ်ပိုဒ်စပ်ပြီးမှ နမ်းရမယ်ဆရာ"

"မြတ်ကလည်း ဈေးကိုင်လိုက်တာကွာ"

"မောင့်ဆီက ကဗျာလိုချင်လို့ ဈေးကိုင်ရတာပေါ့"

"ဒါဖြင့် မြတ်ကိုယ်တိုင်ပဲ ကြည့်စပ်မယ်နော်"

"သဘော..."

မယ့်ရွှေရင် ထွားပါဘိ
နသားတော် ဝါ....
ရှုစားတော် အဖြာဖြာပ
ရတနာအပြီး
ကမ္ဘာ ကမ္ဘာကြီးသော်မှ
ပျက်စီးပါစေ....
မောင့်အချစ် အညှောင့်အမြစ်ကတော့
တက်သစ် ခိုင်ဝေ
ပျို့ချစ်ဆွေ ပုလဲကိုလေ
စွဲကြင်ရက်ပေ
ဘယ်သူဘယ်ဝါဖျက်စေတော့
မပျက်တမ်းပါကွယ်
တစ်သက်မှန်းကာ
ဟာ....ဖမ်းနမ်းတာကောင်းပါတယ်ကွာ
"မောင် ကဲပြီ သဲပြီ အိုး..."

................................................................................................

"ကဲမောင်ရေ အားရသွားပြီမဟုတ်လား။ ခုနဘောလယ်ဆက်စပ်ဆရာ၊ ဘောလယ်ဆိုတာ အနည်းဆုံး သုံးပိုဒ်တော့ရှိရတာပဲ"

"မြတ် ဘယ်သူကပြောလဲ"

mgyoe.com

mgyoe.com

"မြတ်က စာဖတ် ကဗျာဖတ် ဝါသနာပါတယ်သိလား။ ဒါကြောင့် မြတ်ဆီမှာ စာအုပ်တွေ မောင်တွေ့ရတာပေါ့ မောင်၊ မြတ်ပြောတာ ဆက်စပ်၊ နို့မဟုတ်ရင် မောင်ကဗျာဆရာ တာဝန်မကျေဘဲ နေမယ်"

"ကောင်းပါပြီတဲ့ မိဖုရားလေးရယ်၊ သူသိပ်အကြိုက်တွေ့နေသလေ"

"ကိုယ့်ချစ်သူက ကိုယ့်ကိုချစ်ကြောင်းဖွဲ့နွဲ့နေတာများ ဘယ်သူမကြိုက်ဘဲ နေပါ့မလဲမောင်ရယ်"

"အိုကေ...."

ဘယ်သူ ဘယ်ဝါ ဖျက်စေတော့
မပျက်တမ်းပါကွယ်
တစ်သက်မှန်းကာ ကြံရွယ်လို့
အမှန်တကယ်စွဲ
မောင့်ရွှေရင်အသည်းကိုတော့
အမြဲပကြင်
မခွဲဗျ အစဉ်အစဉ်
အော် မခွဲဘူးဗျထာဝစဉ်
ကမ္ဘာတွင် အချစ်ဆုံးပါလေး
ဘုန်းသက်သေတင်
အော်....သည်မြိုင်ယံ ခင်းရယ်က
တောတွင်းမယ်
ချောအဆင် အသွယ်သွယ်မို့
တကယ်လှူသား
အဘယ်လျှင် တင်နိုင်ငြားပါချိမ့်
တစ်ပါးပျိုကို
တစ်ယောက်တည်း တွေ့မယ်ဆိုလျှင်
မြိုင်ညိုတွင် ဥစ္စာစောင့်ရယ်လေး
အောက်မေ့လိမ့်ဗျို့။ ။

"အော်....မြတ်တစ်ယောက်တည်းသာတွေ့ရမယ်ဆိုလျှင် ဒီတောထဲမှာ ဥစ္စာစောင့်လို့ အောက်မေ့ရမယ်လား"

mgyoe.com

mgyoe.com


"ဥစ္စာစောင့်မှ ကမ္ဘာတွင် အချောဆုံးသော လူသားကညာအဖြစ် သူ့ကိုယ်သူ ဖန်ဆင်းထားတာ"

"အောင်မယ်လေး၊ ဒါလောက်တောင်ပဲလား မောင်ရာ"

"သည်ထက်ပိုပြီး မောင်....မပြောတတ်တော့လို့"

"မောင်ဟာ....အားကြီးစကားတတ်တယ်၊ ကဗျာလည်းစပ်တတ်တယ်။ သည်တော့ အဲဒီ 'အတတ်....' တွေဟာမြတ်တစ်ယောက်တည်း အတွက်ဖြစ်ရမယ်၊ မောင်ကတိပေးပါကွာနော်"

"ဒါဖြင့် ဘောလယ် တစ်ပုဒ်ဆက်ဦးမှပဲ"

"ဆက်ပါ မောင်ရယ်"

"ခုဟာနဲ့ဆို ၅ ပုဒ်၊ အဲဒါပြီးရင်တော့ တော်ပြီနော်။ ကဲ တစ်မျိုးတစ် ဘာသာအသွားနဲ့ စပ်လိုက်မယ်"

"ကြားစမ်းပါရစေ မောင်ရေ့"

ကတိသစ္စာ ထားပါရဲ့
တစ်မိချစ်စရာ တစ်ပါးကိုလ
သိကြား ဖျက်ပစေ
နှစ်ပါးပျက်လို့ မသွေတယ်
အော် စုလျားဆက်လို့ ခွေမယ်
များ သက်သေ နတ်အပေါင်းပါလေး
အောင်း....ဒူဝေဝေ။

❑

mgyoe.com

mgyoe.com

# အခန်း(၇)

## ငါးပေါတဲ့ ရော

ဗိုလ်သံလက်သီးတို့၏ တောပုန်းစခန်းတည်ရာ ဌာနမှသည် အနောက်ဘက် လားသော် ဖော်ပြခဲ့သော ရောဝတီမြစ်ကျဉ်း၊ (ကသာမြို့အောက်တွင် မန္တလေးအရောက် အကျဉ်းဆုံးဖြစ်သည်။) အရှေ့ဘက်လားသော် တောသာခေါင်မို့ သူတို့တောပုန်းများအဖို့ သားငါးမရှားပေ။

ထိုစဉ်ကာလက တကောင်းအထက် 'ကြက်တကောင်းရွာ' နှင့် ရွာသာယာ မြို့မကျ တကျ 'အင်းရွာ' အထိ ငါးမည်မျှပေါပါသနည်း။ တံငါတို့သည် ညဥ့်အချိန်မှာ မြစ်ရိုးတစ်လျှောက် လှေများနှင့် ပိုက်ဆွဲကြသည်။ နံနက်ရောက်သော် တံငါသည်တစ်စုတစ်စု၏ ငါးခုတ်၍ ငါးပိလုပ်ရာဌာနတို့မှာ ငါးတွေတောင်လိုပုံကြသည်။

သူတို့ပိုက်ဆွဲ၍ ကမ်း၌ပုံခဲ့သော ငါးတွေကို လှည်းများနှင့် တင်ယူလာကာ နောက်မြီးလှန်၍ ချထားသော ငါးပုံကြီးမှာ ပထမဦးဆုံး မြင်ရသူအဖို့ အံ့မခန်းရှိချေသည်။

mgyoe.com

mgyoe.com

ငါးမြင်း၊ ငါးကြင်းလို ကြီးကြီးမားမား အမျိုးအစားတွေတော့မဟုတ်။ 'ရေပေါ်ငါး' ခေါ်သည့် ငါးခုံးမ၊ ငါးလုံးမ၊ ငါးပြေမ၊ ငါးဖူးစေ့၊ ငါးဖန်ဝိုင်း၊ ငါးဇင်စပ်၊ ငါးဘဲဖြူ၊ ငါးဖယ်၊ ငါးဝက်မစသော ငါးငယ်မျိုးတို့ဖြစ်ကုန်၏။

၎င်းတို့သည် ရေကျိုငါးပိလုပ်၍ကား အလွန်ကောင်း၏။ မြစ်ဝကျွန်းပေါ်ဒေသက ရေငန်ငါးတို့ထက်ချို၏။ ငါးပိလုပ်ကြ၏။ ငါးခြောက် ငါးခြမ်း လှမ်းကြကုန်၏။ ငါးချဉ် ထည့်ကြကုန်၏။ ကြက်တကောင်းရွာမှ ထွက်သည့် 'ကြက်တကောင်း ငါးချဉ်' သည် ကသာမြို့မှ မြစ်ကြီးနားအထိ နာမည်ထင်ရှား၏။ စားလိုးချဉ်ဖြစ်လျက် ငရုတ်၊ ကြက်သွန်၊ ဆီတို့နှင့် မသုပ်မိပင် စား၍ကောင်း၏။ ဈေးလည်း အလွန်သက်သာ၏။

ငါးက အလွန်ပေါသကိုး။

ဘယ်လောက်များ ပေါပါသနည်း။

ဤဝတ္ထု အခန်းတစ်တွင် ဖော်ပြခဲ့သည့် ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ နံနက်တွင် ကျွန်ုပ်တို့ဇာတ်လိုက် မိုးကြိုး၏ မော်တော်သည် ကမ်းလုံးညွတ်မျှသော များစွာသော လူထုရင်သပ်ရှုမောနေကြသည်မှာပင် တကောင်းဆိပ်ကမ်းမှ ခွာခဲ့၍ မြစ်ညာသို့ဆန်တက်ခဲ့သည်။ သူ ဗိုလ်သံလက်သီးတို့နှင့် မတွေ့မီ အဖြစ်ကလေးတစ်ခုကို နေရာအဆင်မသင့်၍ မဖော်ပြခဲ့ရပါ။ ယခုမှအခွင့်ရပါမည်။

အဘယ်နည်းဟူမူ သူတို့မော်တော်ကမ်းနှင့် အလှမ်းမကွာတကွာ ရေဆန်မို့ ရေမိုင် တစ်နာရီ ၃ မိုင်မျှ ခုတ်မောင်းခဲ့ရာ သည်လိုပဲ သောင်စပ်မှာ ငါးပုံကြီးတွေမြင်ရသဖြင့် မိုးကြိုးက သူ့မော်တော်ဆရာအား ငါးပုံကြီးတစ်ခုရှိရာကမ်းသို့ ခေတ္တကပ်စေ၏။ ရောက်သော် သူသည် နှစ်ဂါလံဝင် ဘာလီပုံးကိုဆွဲ၍ ငွေတောင်ကြီးနှင့်တူသော ငါးပုံကြီးနားချဉ်းကပ်သွားသည်။ သူ့စိတ်ထင် စပါးတင်း ကိုးရာ၊ တစ်ထောင်ပုံခန့်ရှိသည်။ ယောကျ်ား၊ မိန်းမကြီးငယ်တွေ ငါးများခေါင်းဖြတ်၊ ချေးထုတ်လုပ်နေကြသည်။

မိုးကြိုးက ခေါင်းဆောင်ဖြစ်ဟန်တူသော လူကြီးနားသွား၍ "ဦး ကျွန်တော့်ကို ငါးတစ်ပိဿာလောက်ရောင်းပါခင်ဗျား"

ထိုလူကြီးသည် အံ့သြစွာသော မျက်နှာနှင့်ကြည့်ပြီးမှ...

mgyoe.com

mgyoe.com

'ဒီလူငယ် အောက်သားနဲ့တူပါတယ်ကွယ်' (သူတို့အရပ်က မန္တလေးသားကိုပင် အောက်သားဟုခေါ်သည်။) "ထည့်ပေးလိုက်စမ်းပါ။ ဟင်းစား" ဟု ပြောလိုက်သည်၌ အနီးရှိမိန်းမတစ်ယောက်သည် မိုးကြိုး၏ ဘာလီပုံး အပြည့် ငါးတွေကြုံးထည့်ပေးလေတော့ မိုးကြိုးက လွန်စွာအားနာမိကာ "ဘယ်လောက်ပေးရမလဲ" မေးမိသည်၌ ထိုလူကြီးက "ဟဲ့... ဒါဟင်းစားခေါ်တယ်ကွဲ့၊ ဟင်းစားဆိုတာ ပိုက်ဆံနဲ့ရောင်းတာမဟုတ်ဘူး...။ သွား... သွား....ယူမှာ ယူသွား" ဟု ပြောတော့သဖြင့် မိုးကြိုးမှာ ဘာမျှနောက်ထပ် မဟဝံ့တော့ဘဲ အသာကလေး သူ့ပုံးသူဆွဲပြီး ပြန်ခဲ့ရတော့၏။

ထို့ကြောင့် မိုလ်သံလက်သီးတို့ အဖွဲ့သားများ ငါး၊ ငါးပိ၊ ငါးခြောက် လိုသော် မြစ်ကမ်းရှိ တံငါတဲများ သွားရုံပါပဲ။

အဲ....အခြားအသားများ လိုသော်ကား သူတို့တပ်ဖွဲ့အရှေ့ဘက်ရှိ တောသာခေါင်သို့ သွားကြသည်။ သူတို့မှာ လက်နက်အပြည့်အစုံရှိရကား တောဝက်၊ တောကြက်၊ တောငှက်၊ သမင်၊ ဒရယ်၊ ယုန်ငယ်၊ စိုင်၊ ဆတ်မှသည် ဖွတ်၊ ပုတတ်အထိ ရနိုင်ဆို၏။ သူတို့သည် အားအားရှိလျှင် အမဲလိုက်ခြင်းဖြင့်အချိန်ဖြုန်းလေ့ရှိကြ၏။ ဆတ်သားခြောက်၊ စိုင်သားခြောက် များမပြတ်ရှိသည်။ ငရုတ်၊ ကြက်သွန်၊ ဆီဆားလောက်ပဲ ထီးချိုင့်မှာ သွားဝယ်ရသည်။ ယခုအချိန်မှာကား မောင်မိုးကြိုးက ပါလာခဲ့သော ဆန်တွေ၊ ပဲတွေနှင့် သူတို့မှာ ရိက္ခာဖူလုံနေပေ၍ စားပြီးအိပ်၊ အိပ်ပြီးစား နေနိုင်ကြပေတော့သည်။

## သားပေါတဲ့သေလာ

ထိုနေ့တွင် လှမြတ်စုနှင့် မောင်မိုးကြိုးတို့ သမီးရည်းစား နှစ်ယောက်သည် မြင်းကိုယ်စီ သေနတ်ကိုယ်စီနှင့် တောသာခေါင်သို့ထွက်ခဲ့ကြသည်။ ဤအခါမှာ မိုးကြိုး၏လက်များသည် အကောင်းပကတိဖြစ်နေကြပြီ။ လက်ဝါးမှ အမာရွတ်တွေနှင့် ပုံပျက်သွားသည်။ သို့သော် အရိုးအဆစ်တွေ ကျည်းပေါင်းတက်၍ မူလကထက် ပိုသန်မာနေလေသည်။

သူတို့ရည်ရွယ်ချက်မှာ တောကောင်တောငှက်တွေ့လျှင်လည်း ပစ်မည်

mgyoe.com

mgyoe.com


ဖြစ်၍ မတွေ့လျှင်လည်း အရေးမကြီး၊ 'နှစ်ယောက်တည်းဆိုရင် မောင်ရယ်၊ ဓဝရက်တောင်ထိပ် နေချင်ရင် ခုသွား၊ ရေရှားတဲ့ သဲကန္တာရ ဆာဟာရ မရှောင်တယ်' ဆိုသောကာလမို့ အပြောကျယ်တဲ့ တောလယ်မှာ မောတယ် မရှိ၊ သူတို့၏ ချစ်ပီယဝါစာစကားတွေကလည်း ပြောမဆုံးပေါင် တောသုံးတောင်။ သူတို့ချစ်တင်းနှောသမျှကို စာဖတ်သူအား ပြောပြရန်မလိုပါ။ သင့်လျော်သလောက်သာ ဖော်ပြရပါမည်။

"မြတ်ရဲ့၊ မောင်တို့ မြန်မာလူမျိုးတွေဟာ မြင်းစီးတယ်ဆိုတာ ခရီးသွားဖို့လောက် အသုံးပြုကြတာ"

"နို့...မောင်ရယ်၊ ခရီးသွားဖို့အပြင် မြင်းကိုဘာလုပ်ဖို့ စီးရဦးမှာတုံး"

"ဥရောပနဲ့ အနောက်နိုင်ငံသားတွေဟာ ကျန်းမာရေးအတွက် မြင်းကို စီးကြတယ်။ ရေကူးခြင်း၊ လေ့လော့်ခြင်း၊ မြင်းစီးခြင်းဆိုတာတွေဟာ ကျန်းမာရေးအတွက် လေ့ကျင့်မှုတွေပဲ။ ကဲ မြတ်ရဲ့မြင်းကို အပြေးစီးတဲ့ အခါမှာ မြတ်တစ်ကိုယ်လုံးဟာ သိမ့်သိမ့်ခါအောင် လှုပ်ရှားမနေပေဘူးလား"

"ဒါတော့ ဟုတ်တယ် မောင်"

"နို့ပြီး....အဲဒါဟာ အကျင့်ရှိမှ၊ စီးနေကျမဟုတ်တဲ့လူ တက်စီးလို့ဖြစ်သလား"

"မဖြစ်ပါဘူး မောင်"

"မြင်းကို အမြန်စီးတဲ့အခါမှာ မြင်းစီးတယ်သာဆိုတယ်၊ ခြေနင်းကွင်းပေါ်မှာ ခြေထောက်အားပြုပြီးတော့ ကုန်းနှီးပေါ်မှာ ထိုင် ထလုပ်နေရတာနဲ့ မတူဘူးလား"

"အစစ်ပဲ"

"မောင်တို့ အခု မြေကြီးပေါ်မှာ နေရင်း ထိုင် ထ ၁၀၀ လုပ်ပါဆို လုပ်နိုင်မယ်လား"

"ဝေးပါသေးရဲ့"

"အခု မြင်းပေါ်တော့ တို့မြင်းစီးသွားနေတာပဲရယ်လို့ ပင်ပန်းရမှန်း မသိဘူး မဟုတ်လား"

"ဟုတ်ပါတယ်"

mgyoe.com